# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၁၁)၊ ၁၃၇၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် ၊ ၇-၇-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့တော်ခန်းမတစ်ခုနှင့် ဘောလုံးကွင်းတစ်ကွင်းတည်ဆောက်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲဆောင်ရွက်ပေးနိုင်ရေး စနစ်ကျသော စာမျက်နှာ ၄ သို့ ❐



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပစဉ်။

# နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချ

**နေပြည်တော် ဇူလိုင် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ပြုလုပ်ခဲ့သည်။



နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကြဲချစိုက်ပျိုးမည့် သစ်စေ့မြေလုံးများကို တာဝန်ရှိသူများက ရဟတ်ယာဉ်ပေါ်သို့ တင်ဆောင်စဉ်။

နေပြည်တော်တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှဘုံကြိုးဝိုင်း အကွက် အမှတ်(၁၅)ရှိ ဧရိယာ ဧက ၂၀၀တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားလေးမျိုးဖြစ်သည့် ကုက္ကို၊ စစ်၊ မဲဇလီ၊ ဘောစကိုင်း သစ်စေ့များဖြင့် ပြုလုပ်သော သစ်စေ့မြေလုံးပေါင်း ၁၀၀၀၀၀ ကြဲချပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျ၊ နေပြည်တော် လေတပ်စခန်းစခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ကြဲချကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြိုးပြင် ကာကွယ်တောရှိ ဧရိယာဧက ၄၃၀ တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား လေးမျိုးဖြစ်သည့် ကုက္ကို၊ ဘောစကိုင်း၊ မဲဇလီ၊ အော်ရီးရှားသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံးစုစုပေါင်း ၂၀၀၀၀၀ကြဲချခြင်း အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး စိန်ဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလိုင်းတစ်၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ၊ တပ်မတော် (လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သစ်စေ့မြေလုံးများအား ရဟတ်ယာဉ်ဖြင့် ကြဲချခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် စာမျက်နှာ ၃ သို့ ❍

# မန္တလေးမြို့တွင် Community Fun Run အပြေးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၆**

မဟာနက်အင်တာနက်ကုမ္ပဏီမှ ကြီးမှူး၍ Community Fun Run အပြေးပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ရွှေမန်းတောင်ခြေအားကစားကွင်း တာလွှတ်စုရပ်နေရာတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မန္တလေးအောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်နှင့်အမရပူရခရိုင်အတွင်းမှ အပြေးပြိုင်ပွဲဝင် သက်ကြီး၊ သက်လတ်၊ သက်ငယ် အမျိုးသား၊ အမျိုးသမီး ၁၀၀၀ ကျော်တို့က သတ်မှတ်တာလွှတ်စုရပ်တွင် ရောက်ရှိနေရာယူကြပြီး မဟာနက်အင်တာနက်ကုမ္ပဏီနှင့်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများက အချက်ပြတာလွှတ်၍ ဖွင့်လှစ်



ပေးလိုက်သည်နှင့်တစ်ပြိုင်နက် စုရပ်မှပြိုင်ပွဲဝင်များက ကျုံးတစ်ပတ်အပြေးပြိုင်ကြပြီး ရွှေမန်းတောင်ခြေအားကစားကွင်းအတွင်းသို့ ယှဉ်ပြိုင်ပန်းဝင်ခဲ့ကြရာ မဟာနက်မှတာဝန်ရှိသူတို့က ပန်းဝင်ပထမဆုံးအမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့်ပြိုင်ပွဲအခမ်းအနားတွင် ကံစမ်းမဲအစီအစဉ်များ၊ အကအလှအစီအစဉ်များ ပါဝင်ပြီး အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၆**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

## မြန်မာနှင့် လာအိုတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိ

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှမ်းပရာဘန်မြို့၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် လွှမ်းပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ်မနိဝုန်က ခေတ္တတည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များတက်ရောက်ကြပြီး လွှမ်းပရာဘန်ပြည်နယ်အတွင်းရေးမှူးနှင့်ဇနီး၊ လွှမ်းပရာဘန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လွှမ်းပရာဘန်ပြည်နယ်ပြည်သူများက ဝမ်းမြောက်လိုက်လှဲစွာဖြင့် ကြိုဆိုမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုအဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လာအိုနိုင်ငံ လွှမ်းပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့ (Sister City) များဖြစ်ကြပြီး လွှမ်းပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်စေမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်) သို့တက်ရောက်ပြီး နိုင်ငံတော်သမ္မတနှင့် လွှမ်းပရာဘန် ပြည်နယ်ပါတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြကာ လွှမ်းပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့်ဇနီးနှင့် လွှမ်းပရာဘန်ပြည်နယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့်ဇနီး၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏လက်များ၌ ဘာစီရိုးရာမင်္ဂလာကြိုးဖြူ (Sai Sin) ဖြင့် ချည်နှောင်၍ ဆုတောင်းပေးကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လွှမ်းပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီ လွှမ်းပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လွှမ်းပရာဘန်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လွှမ်းပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာတေးသီးချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လွှမ်းပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့်ဇနီးနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခ ဒေါက်တာ ခင်မာမြင့် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

## ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့နယ်တွင် ချယ်ရီပင် ၁၀၀ စုပေါင်းစိုက်ပျိုး

**ပြင်ဦးလွင် ဇူလိုင် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သိုက်တောကျေးရွာအုပ်စု၊ ဘော်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းဘေးဝဲ/ယာ၌ "ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့" အထိမ်းအမှတ်အဖြစ် ချယ်ရီပင် ၁၀၀ ကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါ စုပေါင်းစိုက်ပျိုးပွဲကို ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်တို့က ဦးဆောင်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများ၊ သိုက်တောကျေးရွာအုပ်စုရှိ ကျေးရွာပြည်သူများက စုပေါင်းပါဝင်စိုက်ပျိုးခဲ့သည်။

ယင်းသစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေး၊ ကျေးလက်ဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများအကြား သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး အသိအမြင် တိုးမြှင့်စေရေးတို့ကိုရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ချယ်ရီပင် ၁၀၀ ကို သတ်မှတ်နေရာများတွင် စနစ်တကျ စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ကြီးထွားစေရေးအတွက် ဆက်လက် ပြုစုထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်ချစ်**
**(ကျေးလက်)**

## နှမ်းနှမ်း ၄၄၆၂၂ ဧက ရိတ်သိမ်းခဲ့ရာ ၇၀၇၂၅၉ တင်းထွက်ရှိ

**ကျောက်ဆည် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေး ၂၀၂၅- ၂၀၂၆ ခုနှစ် နှမ်းနှမ်း ၄၅၅၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အချိန်တွင် နှမ်းနှမ်း ၄၄၆၂၂ ဧက ရိတ်သိမ်းခဲ့ရာ ၇၀၇၂၅၉ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နှမ်းနှမ်းများ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီသည့် ဆင်းရတနာ-၄၊ ဆင်းရတနာ-၁၂ နှမ်းမျိုးများ စိုက်ပျိုးကြပြီး စိုက်ပျိုးရာ၌ ပေါင်ကြီးတင်စနစ်ဖြင့် ဧက ၈၈၀၀ ၊ တန်းစိုက်စနစ်ဖြင့် ၃၁၃၇၅ ဧက၊ ကြဲပက် ဧက ၃၅၉၀ စုစုပေါင်း ၄၅၅၆၅ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် တစ်ဧက ပျမ်းမျှထွက်နှုန်းအနေဖြင့် ဘောင်ကြီးတင်စနစ်၌ ၁၆ ဒသမ ၅၀ တင်း၊ တန်းစိုက်စနစ်၌ ၁၅ ဒသမ ၅၃ တင်း၊ ကြဲပက် ၁၄ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀-၀

## အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၆**

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ ၁၃၉ လမ်း၊ ၄၇ လမ်း နှင့် ၄၈ လမ်းကြားရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး) ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြသက်၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးဇာနည်မောင်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လှ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှတာဝန်ရှိသူများ၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၊ ကျောင်းအုပ်ကြီး ဒေါ်ခင်မာလွင်၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သင်တန်းသားများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို ဇူလိုင် ၆ ရက် မှ ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဓ)၏နောက်တွင် ပုဒ်မခွဲ(န)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(န) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း။"




## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုလာနိုင်သည်။

မိုး/ဇလ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်းထန်၊ ဒုတိယ ဥက္ကဋ္ဌ ဦးသန့်စင်ဦးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အား ယနေ့ညနေပိုင်းတွင် ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဖွဲ့စည်းထား**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် လွှတ်တော်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဇယား (၁)ကိုလည်းကောင်း၊ တိုင်းဒေသ ကြီးသို့မဟုတ်ပြည်နယ်လွှတ်တော် များသည် ဇယား(၂)ကို လည်း ကောင်း ဥပဒေပြုရပါကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်တာဝန် ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရန်အတွက် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါ ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးချယ် တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ ရှိသည့်နေရာ ဖြစ်သလို ဒီမိုကရေစီ၏ပြယုဂ် လည်းဖြစ်ပါကြောင်း၊ လွှတ်တော် များ၏ အဓိကတာဝန်သည် ဥပဒေ ပြုရေးနှင့် ပြည်သူကို ကိုယ်စားပြု ရေးဖြစ်သည့်အတွက်အလွန်အရေး ကြီးပါကြောင်း၊ ပြည်ထောင်စု အဆင့် လွှတ်တော်များနှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သီးခြားစီ လွတ်လပ်စွာ ဥပဒေပြုရသည့် မဏ္ဍိုင်များဖြစ်၍ ပြည်ထောင်စု အဆင့် လွှတ်တော်များနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) ကိုလည်း ဖွဲ့စည်း ထားပါကြောင်း။

မိမိတို့ လွှတ်တော်တွင် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်လျက် ရှိရာ လွှတ်တော်၏ လုပ်ဆောင် ချက်များကို ပြည်သူများနေ့စဉ် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေ ရန် Website နှင့် Social Media များတွင် ထုတ်လွှင့်လျက်ရှိပါ ကြောင်း၊ ထို့ပြင် လွှတ်တော်သို့ ပြည်သူများလာရောက် လေ့လာ နိုင်ရန် ဖိတ်ခေါ်လျက်ရှိပြီး လွှတ်တော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှု များကို မျက်ဝါးထင်ထင် တွေ့မြင်နိုင် အောင် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မိမိတို့ လွှတ်တော်များ အနေဖြင့် အာဆီယံပါလီမန်များ ညီလာခံနှင့် နိုင်ငံတကာပါလီမန် များအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ လွှတ်တော်များနှင့် ပူးပေါင်း ဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန် အတွက် အာဆီယံပါလီမန်များ ညီလာခံ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့ ဆိုင်ရာ ပူးပေါင်းကော်မတီများကို ဖွဲ့စည်းပြီး စတင်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် အစည်းအဝေးများ ကျင်းပနေမှု များနှင့် ဆက်လက်ဆောင်ရွက် သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိ သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## မီးပွိုင့်များတွင် Solar Battery Inverter များ တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိ



မန္တလေး ဇူလိုင် ၆

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ အဆောက် အအုံနှင့် ကုန်ရုံဌာနသည် မြို့တော် နေပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်ယာဉ်ကြောပိတ် ဆို့မှုမရှိစေရေးအတွက် ၂၀၂၆- ၂၀၂၇ခုနှစ် ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ မီးပွိုင့်များတွင် Solar Battery Inverter များ တပ်ဆင်ခြင်းကို မဟာအောင်မြေ မြို့နယ်၌ ဆောင်ရွက်ထားရှိမှု များကို အဆောက်အအုံနှင့် ကုန်ရုံ ဌာန မြို့နယ်လျှပ်စစ် တာဝန်ခံ အင်ဂျင်နီယာ ဌာနစုမှူး ဒေါ်နန်း အိအိဖြိုးက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း မီးပွိုင့်(၃၂)ပွိုင့် ရှိသည့်အနက် ယခုဘဏ္ဍာနှစ်၌ ၂၄နာရီမီးရရှိနိုင်သည့် Power Backup ဖြစ်သည့် Solar Battery Inverter များကို မီးပွိုင့် ခြောက်ပွိုင့်တွင် တပ်ဆင်အသုံး ပြုနိုင်ခဲ့သည်။ ယာဉ်ကြောခက်ခဲ သည့်နေရာများကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ၆၂ လမ်း နှင့် ၄၁ လမ်းမီးပွိုင့်တွင် လည်း ကောင်း၊ ၃၅ လမ်းနှင့် ၆၆ လမ်း မီးပွိုင့်တွင်လည်းကောင်း၊ ၃၅ လမ်းနှင့် ၇၃ လမ်းမီးပွိုင့်တွင် လည်းကောင်း၊ ရန်မန်းလမ်းနှင့် သိပ္ပံလမ်းမီးပွိုင့်တွင်လည်းကောင်း၊ ၆၂ လမ်းနှင့် သိပ္ပံလမ်းမီးပွိုင့် တွင် လည်းကောင်း၊ လမ်း ၆၀ နှင့်သိပ္ပံလမ်းမီးပွိုင့်တို့တွင်လည်း ကောင်း တပ်ဆင်ဆောင်ရွက် အသုံးပြုလျက်ရှိသည်။

Solar Battery Inverter တပ်ဆင်အသုံးပြုခြင်းကြောင့် ယာဉ်ကြောသွားလာမှုများ အဆင် ပြေချောမွေ့စေရန် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းစေပြီး အများပြည်သူသွားလာရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ၂၄ နာရီလုံးမီးပွိုင့်မှာ အဆင်ပြေ ချောမွေ့စေရေးအတွက် တပ်ဆင် အသုံးပြုခြင်းဖြစ်သောကြောင့် နေရောင်ခြည်ရသည့် ကာလ တစ်လျှောက်လုံး လျှပ်စစ်မီးအား မလိုဘဲ အသုံးပြု နိုင်သည့်အတွက် လျှပ်စစ်မီးခြွေတာရာရောက်သည့် ဘက်စုံအဆင်ပြေချောမွေ့သဖြင့် ယခုနှစ်ဘတ်ဂျက်အတွင်း နေရာ ၅၀ ခန့်မှန်းဆောင်ရွက်နိုင်အောင် ကြိုးစား သွားမည်ဖြစ်ကြောင်း မြို့နယ် တာဝန်ခံအင်ဂျင်နီယာက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

○ ရှေ့ဖုံးမှ

ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုး ဆောင်ရွက်နိုင်ခြင်း၊ သွားလာရန် ခက်ခဲသည့် တောင်ကုန်း၊ တောင် တန်းများတွင် ရဟတ်ယာဉ်များ ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန် တိုအတွင်း ဧရိယာကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းတို့ ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်း ကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက် အလျောက် ထိရောက်မှုရှိကြောင်း နှင့် ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးအနောက်ကြိုးပြင်ကာ ကွယ်တောအတွင်း သစ်စေ့ကြဲချ ခြင်း အောင်မြင်ရှင်သန်မှုများကို ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှု ကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုကို စာရင်းကောက်ယူသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

**၂၀၂၆ ကမ္ဘာ့ဖလား(၁၆)သင်းအဆင့် ပွဲစဉ်များ နိုင်ကမ္ဘာ**

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၇-၇-၂၀၂၆ ည ၁၀း၃၀ နာရီ | အာဂျင်တီးနား - အီဂျစ် |
| ၈-၇-၂၀၂၆ နံနက် ၀၂း၃၀ နာရီ | ဆွစ်ဇာလန် - ကိုလံဘီယာ |

❒ ရှေ့ဖုံးမှ

ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြေအငှားဂရန်ထုတ်ပေးနိုင်ရေးနှင့် မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းနေအရွယ် အသက် ၅ နှစ် ကလေးများ စာရင်းကောက်ယူခြင်းနှင့် စာသင်ခန်းသို့ အရောက်ပို့ဆောင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးနှင့် ရှေ့နေများ လိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးခြင်းနှင့် တရားသူကြီးများနှင့် ရှေ့နေများ ပါဝင်သော Joint Training Program များ တရားလွှတ်တော်ချုပ်မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ရှေ့နေများအတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို ရှေးယခင်ကပင် သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပြီး ခေတ်အဆက်ဆက် တရားစီရင်ထုံးများဖြင့်လည်း လမ်းညွှန်ပြသမှုများပြုခဲ့ပါကြောင်း၊ ထိုနည်းတူစွာပင် တရားသူကြီးများဘက်ကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက် ပြုမူနေထိုင်ခြင်းအားဖြင့် ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပါအဝင် တရားရုံးအသုံးပြုသူများ၏ ယုံကြည်လေးစားမှုကို ရရှိနိုင်မည် ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတင်ပြသကဲ့သို့ ကျင့်ဝတ်နီတိများ ကျယ်ပြန့်စွာ ပညာပေးခြင်းသည် လွန်စွာအရေးကြီးကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကလည်း သတိပြုမိခဲ့ပါကြောင်း။

ထို့ကြောင့် ယခင်က အထက်တန်းရှေ့နေလိုင်စင် ပေးအပ်ခြင်းများကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း ၃၁-၁-၂၀၂၆ ရက်နေ့မှ စတင်ပြီး အထက်တန်းရှေ့နေလက်မှတ် လက်ခံရယူမည့် အလုပ်သင်ရှေ့နေ ၉၄ ဦးကို ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာပေးသင်တန်းကို ၄ ကြိမ် ပို့ချပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တရားသူကြီးများအတွက် ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေးကျင့်ဝတ်ဘာသာရပ်အား တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းများနှင့် မွမ်းမံသင်တန်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းပို့ချခြင်း၊ တရားရုံးသို့ လာရောက်သူများကို ယဉ်ကျေးပျူငှာစွာဖြင့် လေးစားစွာဆက်ဆံပြောဆိုတတ်စေရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းတို့ကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) တွင် နှစ်စဉ်ထည့်သွင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးများအနေဖြင့် ရှေ့နေရှေ့ရပ်ကဲ့သို့ အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် အပြန်အလှန်နားလည်၍ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုသကဲ့သို့ တရားရုံးနှင့် ရှေ့နေရှေ့ရပ်များ အပါအဝင် အခြားသက်ဆိုင်သူများကို ဖိတ်ကြားပြီး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေး မဟာဗျူဟာအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားပါကြောင်း။

သို့ပါ၍ ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှု အစီအစဉ်များနှင့် တရားသူကြီးများနှင့် ရှေ့နေရှေ့ရပ်များပါဝင်သည့် ပူးပေါင်းလေ့ကျင့်သင်ကြားမှု အစီအစဉ်(Joint Training Program)များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေလွင်(ခ)ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ နားရိုင်းရွာမကြီးမှ နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာထိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နောင်ခမ်း-နောင်ခါး-နမ့်ခမ်း (နမ့်ဟူးမိုင်)-နောင်ဒေး ကျေးရွာသွားလမ်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လမ်းမိုင် အရှည်အနေဖြင့် ၈/၆ မိုင်ရှိကြောင်း၊ အဆိုပါ ကျောက်လမ်း ၈/၆ မိုင် လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှဦးဝင်းငွေ၏ **ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမတစ်ခုနှင့် ပြေးလမ်း/ပွဲကြည့်စင်ပါသည့် ဘောလုံးကွင်း တစ်ကွင်းအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဇေယျာသီရိမြို့နယ်တွင် အားကစားရေးရာဝန်ကြီးဌာနပိုင် မြို့နယ်အားကစားကွင်း မရှိပါကြောင်း၊ မြို့နယ်အဆင့် ဘောလုံးအားကစားကွင်း တစ်ကွင်း ဖောက်လုပ်မည်ဆိုပါက မြေဧရိယာ ၁၀ ဧကခန့်၊ မြို့တော်ခန်းမ တည်ဆောက်မည်ဆိုပါက မြေဧရိယာ ၂ ဧကခန့် စုစုပေါင်းမြေဧရိယာ ၁၂ ဧကခန့် လိုအပ်မည် ဖြစ်ပါကြောင်း။

မြို့တော်ခန်းမ၊ ပြေးလမ်းပါ ဘောလုံးကွင်းနှင့် အားကစားပွဲကြည့်စင်များ ဆောက်လုပ်ပေးလိုသော်လည်း လိုအပ်သည့် စုစုပေါင်း မြေဧရိယာ ၁၂ ဧကမှာ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် အုပ်ချုပ်ရေးဦးစီးဌာနတို့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများနှင့် အများပြည်သူပိုင် မြေနေရာများတွင် လုံလောက်သော မြေအကျယ်အဝန်းမရှိပါကြောင်း၊ လုံလောက်သော မြေအကျယ်အဝန်းရရှိပါက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ အားကစားခန်းမ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့အား ဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် လျာထားတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့ပေါ် ရပ်ကွက် ၇ ခုအား ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေး စီမံချက်(Town Plan)အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ပျဉ်းမနားမြို့ပြဖွံ့ဖြိုးတိုးတက်မှု အခြေအနေအား လေ့လာသုံးသပ်ခဲ့ပြီး မြို့ပြစီမံကိန်းပညာရှင်များမှ ပျဉ်းမနားမြို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာအား ပြုစုခဲ့ပါကြောင်း၊ မြို့ပြစီမံကိန်း ရေးဆွဲခြင်းအစီရင်ခံစာပါ ပျဉ်းမနားမြို့ကို တစ်မြို့လုံးအတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အဆိုပြုလျာထားအစီအမံများ ပါဝင်ပါကြောင်း၊ ပျဉ်းမနားမြို့ Drainage System အား ရေးဆွဲထားရှိပြီး ပျဉ်းမနားမြို့တွင်း လက်ရှိတွင် ပင်မရေနုတ်မြောင်းများအနေဖြင့် ငလိုက်ချောင်း(တောင်ဘက်) အုတ်ရေမြောင်း ၂၀ ဒသမ ၅၄၄ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၀၄ မိုင်၊ ငလိုက်ချောင်း(မြောက်ဘက်) အုတ်ရေမြောင်း ၁၃ ဒသမ ၃၂၃ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၅၆ မိုင်ရှိပြီး ပျဉ်းမနားမြို့တွင်း ပင်မရေမြောင်းများသို့ စီးဝင်သည့် ရေနုတ်မြောင်းများအား မိုးမကျမီ(၄/၂၀၂၆ လမှ ၁၀/၂၀၂၆ လအထိ)လအလိုက်ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က စစ်ကိုင်းမြို့သည် မြို့မ ၁၈ ရပ်ကွက်နှင့် တိုးချဲ့ ၅ ရပ်ကွက် စုစုပေါင်း ၂၃ ရပ်ကွက်ရှိပါကြောင်း၊ အိမ်ခြေပေါင်း ၁၈၄၉၂ အိမ်တွင် လူဦးရေပေါင်း ၈၈၃၀၈ ဦး နေထိုင်ပါသဖြင့် တစ်နေ့လျှင် မြို့အတွက် ရေလိုအပ်မှုအနေဖြင့် ဂါလန် ၂ ဒသမ ၃ သန်း ဖြစ်ပါကြောင်း။

လက်ရှိ မြို့ရေပေးဝေရေးအနေဖြင့် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ(ရွှေမင်းဝံ၊ ဇေယျာ၊ မြို့သစ်) ၃ ရပ်ကွက်တို့အား ပယ်ငါးဆယ်ကျေးရွာမှ ဧရာဝတီမြစ်ရေကို မင်းဝံတောင်ပေါ်ရှိ ရေစစ်ကန်သို့ တွန်းတင်ပြီး ရေစစ်ကန်တွင် ကျောက်ချဉ်ထည့်ခြင်း၊ လေဖြင့် သန့်စင်ခြင်း၊ ကျောက်စရစ်ဖြင့် သန့်စင်ခြင်း၊ သဲအနေး ရေစစ်ကန်မှတစ်ဆင့် Chlorine ခတ်ခြင်း အဆင့်ဆင့်သန့်စင်ပြီးသောရေ နေ့စဉ် ဂါလန် ၄၀၀၀၀၀ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်၊ မိုးဇာရပ်ကွက်၊ နန္ဒဝန်ရပ်ကွက်၊ တကောင်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ မြို့သစ်ရပ်ကွက်(အရှေ့ပိုင်း)၊ ပါရမီရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ရွာထောင်ရပ်ကွက်၊ မီးရထားရပ်ကွက်၊ မြေဝတီရပ်ကွက်တို့အနေဖြင့် ရပ်ကွက်အလိုက် ရေပေးရေးကော်မတီများဖွဲ့စည်း၍ ဧရာဝတီမြစ်ရေမှ တိုက်ရိုက်တွန်းပို့စနစ်ဖြင့် အိမ်သွယ်ရေတိုင်များဖြင့် ပေးဝေလျက်ရှိပါကြောင်း။

တစ်မြို့လုံး သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ရာတွင် HDPE ရေတင်ပိုက်လိုင်း ၄၅၀၀ ပေခန့် သွယ်တန်းခြင်း၊ HDPE ရေဖြန့်ဝေပိုက်လိုင်း ပေတစ်သန်းခန့် သွယ်တန်းခြင်း၊ မြို့သစ်ရပ်ကွက် ရေကန် ၂ ဧကအကျယ်နေရာတွင် စက်ရုံတည်ဆောက်ပြီး တစ်ရက်လျှင် ရေဂါလန် ၂ သန်းခန့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန် ရည်ရွယ်ထားရှိပါကြောင်း။

ကုန်ကျစရိတ်များပြားပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်းနှင့် BOT ဆောင်ရွက်မည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီးပါက အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး လုပ်ငန်းအပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိ မြေကွက်များအား မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပုဗ္ဗသီရိမြို့ ဇေယျာဒီပရပ်ကွက်(Block 7 မှ Block 11)အတွင်းရှိ မြေကွက်များအား အဆောက်အအုံဆောက်လုပ်ရန် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးခြင်း၊ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခြင်းနှင့် အမည်ပြောင်းလဲပေးခြင်း စသည့် မြေစီမံခန့်ခွဲမှုကိစ္စရပ်များအား လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရှိခဲ့ပါကြောင်း။

စစ်မှုထမ်းများအနေဖြင့် ဤမြေကွက်သည် အမှန်တကယ် အိမ်ရာဆောက်လုပ်နေထိုင်မည့်သူများသာ နေရာချထားပေးခြင်းဖြစ်ကြောင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုပါကြောင်းနှင့် မိမိကိုယ်တိုင်သာ နေထိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်အား တစ်ထပ်အဆောက်အအုံသာ ဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာပါမည်ဖြစ်သည်ဟု ကတိပြုလက်မှတ်ရေးထိုးထားပါကြောင်း။

သို့ဖြစ်ပါ၍ ပုဗ္ဗသီရိမြို့ရှိ ဇေယျာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့် နဝဒေးရပ်ကွက်တို့တွင် စစ်မှုထမ်းများသို့ နေရာချထားပေးသော မြေကွက်များအား မြေငှားစာချုပ် အမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် (၆၀ x ၃၀)ပေ အုတ်ညှပ်တစ်ထပ် တစ်ဆောင်ရှိပါကြောင်း၊ လက်ရှိတွင် ကျောင်းသားအင်အားနည်းပါးသည့်အတွက် စာသင်ခန်း ၃ ခန်းဖြင့် လုံလောက်စွာ ပညာသင်ကြားနိုင်ပါကြောင်းနှင့် နောင်အခါ ကျောင်းသားအင်အားတိုးပွားလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဈေးတန်းအလက(ခွဲ) မူလတန်းကျောင်း၏ ပင်မဆောင်အား ဖျက်သိမ်းခွင့်ပြုရန်နှင့် ၂ ထပ် စာသင်ကျောင်း တစ်ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ပံ့ပိုးပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဈေးတန်း-အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ ဆရာမ ၁၅ ဦးရှိပြီး ကျောင်းသားကျောင်းသူ ဦးရေ ၄၄၄ ဦးရှိပါကြောင်း။

စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် ၃ ဆောင်ရှိပြီး ပညာပန်းခင်းဆောင်သည် သက်တမ်း ၃၃ နှစ်ခန့် ကြာမြင့်ပြီဖြစ်သော်လည်း အင်ဂျင်နီယာစိစစ်ချက်အရ အန္တရာယ်ရှိကျောင်းဆောင် မဟုတ်ကြောင်း တွေ့ရှိရသည့်အတွက် ပညာပန်းခင်းဆောင်အား အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျောင်းသား တန်းခွဲဦးရေအရ အလယ်တန်းအဆင့်အတွက် လိုအပ်နေသော စာသင်ခန်း ၂ ခန်းအတွက်(၆၀ x ၃၀)ပေ RCC တစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အထက(ခွဲ)ဖက်ကုန်း၊ အမက(မူလွန်ရပ်-၁) နှင့် အထက(မြို့သစ်)ကျောင်းတို့တွင် RC ၁ ထပ် ကျောင်းဆောင် ၁ လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်ကုန်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆရာ ဆရာမ ဦးရေနှင့် ကျောင်းသားကျောင်းသူဦးရေ အနေဖြင့် ကျောင်းဆောင် ၄ ဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရပ်(၁)-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင် ၃ ဆောင်၊ စာသင်ခန်း ၉ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

မြို့သစ်-အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင် ၈ ဆောင်၊ စာသင်ခန်း ၂၁ ခန်း ရှိပါကြောင်း၊ အဆိုပါ မြို့သစ်-အခြေခံပညာအထက်တန်းကျောင်းတွင် စာမျက်နှာ ၅ သို့ »»»

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၈ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃၅ / ၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၇၃၅၁<br>ဗိုလ်မှူးကြီး ကျော်သူရ | အစား | ကြည်း ၃၀၉၀၇<br>ဗိုလ်မှူးကြီး စိုးရန်နောင် |

(ပုံ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြု မောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

»»» စာမျက်နှာ ၄ မှ

ထပ်မံလိုအပ်နေသော စာသင်ခန်း ၃ ခန်းအတွက် ၉၀ x ၃၀ ပေ RCC ၁ ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ အထကကျောင်းတွင် RC ၂ ထပ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ဝေါမြို့နယ်ဖိုးဦးစိန်-အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား စုစုပေါင်း ၉၃၂ ဦးရှိပြီး ဆရာ၊ ဆရာမ ၂၆ ဦး ရှိပါကြောင်း၊ စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် ၅ ဆောင်၊ စာသင်ခန်း ၁၅ ခန်း၊ တန်းခွဲ ၂၃ ခုရှိပါကြောင်း၊ ကျောင်းသားတန်းခွဲအရ စာသင်ခန်း ၈ ခန်း လိုအပ်နေကြောင်းတွေ့ရပြီး အဆိုပါလိုအပ်နေသည့် စာသင်ခန်း ၈ ခန်းအတွက် ၁၄၀ x ၃၀ ပေ RCC ၂ ထပ်ကျောင်းဆောင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။ တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦး၏ **တောင်ငူမြို့နယ် သရက်တော အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းဆောင်သစ်နှင့် သန့်စင်ခန်းဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ အဝီစိတွင်းတူးခြင်း၊ အဝင်လမ်းခင်းခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် သရက်တော-အခြေခံပညာ မူလတန်းလွန်ကျောင်း ဆရာ၊ ဆရာမ ၇ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၉၈ ဦး ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူမြို့နယ် သရက်တော-အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မြစ်ကမ်းပါးအန္တရာယ်ကြောင့် ဖျက်သိမ်းခဲ့ရသော ကျောင်းဆောင် ၃ ဆောင်အစား ၉၀ x ၃၀ ပေ RCC ၁ ထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

**ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်မည်**

ခြံစည်းရိုး ၃၃၇ ပေ အုတ်တံတိုင်းကာရံခြင်း၊ ကျောင်းအဝင်တံခါး ၁၂ ပေပြုလုပ်ခြင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေး အဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

၂ လက်မ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျောင်းအဝင်လမ်း ၂၂၀ x ၄ x ၃ ပေခင်းခြင်းလုပ်ငန်းနှင့် ၂ ခန်းတွဲ သန့်စင်ခန်း ၂ လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မြန်မာနိုင်ငံအတွင်းရှိ လတ်တလောဖြစ်နိုင်ခြေရှိသော ဒေသများတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဦးဆောင်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းနေအရွယ် အသက် ၅ နှစ် ကလေးများစာရင်းကောက်ယူခြင်း (Survey on School-Age Children (or) School Survey)ကို တွန်းအားပေးဆောင်ရွက်၍ စာသင်ခန်းအရောက်ပို့ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ပညာသင်နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် နှစ်စဉ် ပညာသင်နှစ်တစ်ခု မစမီ (ဧပြီလနှင့် မေလ)တွင် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အသက် ၅ နှစ်ပြည့်ပြီးသူများစာရင်းကို တောင်းခံရယူပြီး KG တွင် ကျောင်းစတင်အပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စနစ်သစ်ပညာရေးအစီအစဉ်အရ အသက် ၅ နှစ်ပြည့်ပြီး KG မတက်ခဲ့ရသော ကလေးများအနက် အသက် ၆ နှစ်ပြည့်ပြီးသူ ကလေးများအား Grade 1 တွင် ကျောင်းအပ်နှံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အသက် ၆ နှစ်ပြည့်ပြီး ကျောင်းမနေရသေးသည့် ကလေးများစာရင်းကိုလည်းကောက်ယူပြီး ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းအပ်နှံရေးသီတင်းပတ်မတိုင်မီ ကျောင်းအလိုက် ကျောင်းအပ်နှံမည့် ကျောင်းနေအရွယ်ကလေးစာရင်းပြုစုခြင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် ကျန်ရှိသည့်ကလေးများစာရင်းကိုလည်း ကောက်ယူ၍ ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ မိဘဆရာအသင်းများနှင့်ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၇-၂၀၂၈ ပညာသင်နှစ် မတ်လမှစ၍ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၏ ကြီးကြပ်မှုဖြင့် အသက် ၅ နှစ်ပြည့်ပြီးသူ ကလေးများစာရင်းနှင့် အသက် ၆ နှစ် ပြည့်ပြီး KG မတက်ရသေးသူကလေးများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရပ်စောက်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် လူနေအိမ်များအတွင်း ရေကြီး ရေလျှံမှုလျော့နည်းသက်သာစေရန်အတွက် ရပ်စောက်-ရွှေညောင်ကားလမ်းပေါ်ရှိ ဇော်ဂျီချောင်းတံတားအောက်ပိုင်းနှင့် အထက်ပိုင်းများတွင် ဇော်ဂျီချောင်းကို အောက်ခြေအကျယ် ပေ(၆၀)၊ ချောင်း အနက်(၂၂) ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ရပ်စောက်မြို့အတွင်းရှိ ဇော်ဂျီချောင်းတစ်လျှောက် လိုအပ်သည့်နေရာများ၌ ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းနှင့် ချောင်းဖြောင့်ခြင်း၊ တံတားမိုးချောင်းအား အောက်ခြေအကျယ် (၁၅) ပေနှင့် ချောင်းအနက် (၁၁)ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ(၁)၊ (၂)နှင့် ဇော်ဂျီရပ်ကွက်အတွင်းရှိ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်း(၃)ခုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နည်းပညာလိုအပ်ချက်ရှိပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဇော်ဂျီချောင်းတစ်လျှောက် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရန်အတွက် ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲ/ယာရှိ လူနေအိမ်များမှ အမှိုက်များချောင်းအတွင်းသို့ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲ/ယာ အချို့နေရာများတွင် ချောင်းဧရိယာအတွင်း ကျူးကျော်နေထိုင်ခြင်းများကိုလည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့စည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး၊ ကျုံ့ပျော်ခရိုင်၊ ရေကြည်မြို့နယ်အတွင်းရှိ ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်းအရှည် (၅/၀ ဒသမ ၇၆) မိုင်အား မြေသားလမ်းမှ ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ်မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်း၏ လက်ရှိမြေသားလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြုပြင်ပေးမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဝက်လာကျေးရွာမှ သစ်ဝင်ကုန်းကျေးရွာအလွန် ပုသိမ်-မုံရွာလမ်းနှင့် ဆုံသောနေရာအထိ စုစုပေါင်း ၂ မိုင် ၄ ဖာလုံအား ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး၊ ကျုံ့ပျော်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျုံ့ပျော်-ကျောင်းကုန်း-မြောင်းမြ-လပွတ္တာ လမ်းအရှည်(၁၈ ဒသမ ၅) မိုင်ခန့်မှာ လက်ရှိတွင် ကတ္တရာများပေါက်ပြဲပြီး ပျက်စီးနေပါသဖြင့် တစ်နှစ်အတွင်း အပြီးသတ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းအရှည် ၁၈ မိုင် ၄ ဖာလုံ၏ လမ်းအခြေအနေသည် ကောင်းမွန်သော အပိုင်း ၄ မိုင် ၆ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၁ ဖာလုံနှင့် ပျက်စီးမှုများပြားသောအပိုင်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား တစ်နှစ်အတွင်း အပြီးသတ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လတ်တလောသွားလာမှု အဆင်ပြေစေရန်အတွက် ပျက်စီးမှုများပြားသည့် လမ်းမိုင်အရှည် ၇ မိုင် ၅ ဖာလုံအား ဦးစားပေးအဖြစ် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး၊ ကျုံ့ပျော်မြို့နယ်အတွင်းရှိ သောင်ကြီး-ဒိုက်ပျက်လမ်းပေါ်တွင် ကျန်ရှိနေသေးသော ကျောက်လမ်း(၃)မိုင်နှင့် အမာခံလမ်း (၆)မိုင်(၆) ဖာလုံတို့အား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပထမအဆင့်အနေဖြင့် အမာခံလမ်းအား ကျောက်လမ်းအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှစတင်ပြီး ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအသုံးပြုနေသော ၁၂ ပေ အကျယ် ကတ္တရာလမ်း (၄ မိုင် ၇ ဖာလုံ)အား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ အဆိုပါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဦးရန်နိုင်ဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီရရှိခဲ့သည့် လူငယ်များအား ပြည်ထောင်စုဝန်ကြီး ဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့်လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်က ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးသမားအချို့၏ သွေးထိုးလှုံ့ဆော်မှုအခြေအနေများကြောင့် ဝန်ကြီးဌာနအသီးသီးက အလုပ်လျှောက်လွှာခေါ်ယူသည့်အခါတွင် သတ်မှတ်အသက်ထက် ၁ နှစ်၊ ၂ နှစ် ကြီးနေသောကြောင့် အလုပ်အကိုင်မလျှောက်ထားနိုင်သည်ကို တွေ့မြင်ကြရပါကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အလုပ်လျှောက်လွှာခေါ်ယူသည့်အခါ ခိုင်လုံသောအကြောင်းပြနိုင်သူများကို အသက်သတ်မှတ်ရာတွင် နိုင်ငံတော်နှင့် လူငယ်များအနာဂတ်အကျိုးအတွက် ဖြေလျှော့စဉ်းစားပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်စိုးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လူငယ်ထောင်ပေါင်းများစွာသည် ဘွဲ့ရချိန် (၂)နှစ်၊ (၃)နှစ်ခန့်အထိ နောက်ကျခဲ့ကြရပါကြောင်း၊ ယနေ့တွင် ထိုလူငယ်များသည် အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသော်လည်း ပညာအရည်အချင်းကြောင့်မဟုတ်ဘဲ အသက် ကန့်သတ်ချက်များကြောင့် အခွင့်အလမ်းများ ဆုံးရှုံးနေကြရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံးချမ်းသာကြွယ်ဝမှုမှာ ရွှေ၊ ကျောက်မျက်၊ သစ်တောနှင့် သယံဇာတများမဟုတ်ဘဲ လူသားအရင်းအမြစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို လူငယ်များအား အထူးအခွင့်အရေးပေးခြင်းဟု မမြင်သင့်ဘဲ နိုင်ငံတော်ကြုံတွေ့ခဲ့ရသော အရေးပေါ်အခြေအနေများကြောင့် ဆုံးရှုံးခဲ့ရသောအချိန်များအတွက် မျှတသော ပြန်လည်စဉ်းစားပေးမှုအဖြစ် ရှုမြင်သင့်ပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပြီး အသက်ကန့်သတ်ချက်ကို (၂)နှစ်မှ (၃)နှစ်အထိ အထူးလျှော့ပေါ့ပေးနိုင်မည်ဆိုပါက ထိုလူငယ်များအတွက် မျှော်လင့်ချက်တံခါးတစ်ချပ် ပြန်လည်ဖွင့်လှစ်ပေးခြင်း ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါသောကြောင့် အဆိုအားထောက်ခံကြောင်း ဆွေးနွေးသည်။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ
ဦးတင်မောင်ဝင်း

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လူသားအရင်းအမြစ် မဆုံးရှုံးစေရန်ရည်ရွယ်၍ လက်ရှိတွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်သော၊ မဟာဘွဲ့ဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်သောသူများကို နိုင်ငံ့ဝန်ထမ်းသက်အဖြစ် ဝန်ထမ်းများကို ခေါ်ယူလျက်ရှိသည်ကို သိရပါကြောင်း၊ သို့သော် အလုပ်လျှောက်ထားရန် ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးစေလိုကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းက ဝန်ကြီးဌာနများက အလုပ်ဝင်ခွင့်လျှောက်ထားနိုင်ရေး အသက်ကန့်သတ်ချက်များ လျှော့ပေါ့ပြီး ဆောင်ရွက်လျက်ရှိရာတွင် ဒုတိယဘွဲ့နှင့်အထက် ဘွဲ့ဆွတ်ခူးရရှိထားကြသော လူငယ်များအတွက် အသက်ကန့်သတ်ချက်လျှော့ပေါ့ပေးထားရာတွင် လျော်ကန်သင့်မြတ်မှုရှိနေပါသော်လည်း ပထမဘွဲ့ဒီဂရီတစ်ခုတည်းသာ ရရှိထားကြသည့် လူငယ်များက အလုပ်ရရှိနိုင်ရေးအတွက် (၃)ကြိမ်၊ (၄)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြရသဖြင့် အသက်ကန့်သတ်ချက်သည် အနာဂတ်အတွက် အခက်အခဲတစ်ခုဖြစ်နေပါသဖြင့် ထပ်မံလျှော့ပေါ့စဉ်းစားရန် လိုအပ်နေပါကြောင်း။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ အကျိုးရှိရှိအသုံးပြုနိုင်ရေးအတွက် အသက်အရွယ်နောက်ကျမှ ပထမဘွဲ့ဒီဂရီဆွတ်ခူးရရှိခဲ့ကြသည့် လူငယ်များ၏ အနာဂတ်ခရီးလမ်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ရည်ရွယ်ချက်ဖြင့် ကာလအပိုင်းအခြားတစ်ခုသတ်မှတ်ပြီး အသက်ကန့်သတ်ချက် ထပ်မံလျှော့ပေါ့ စဉ်းစားပေးစေလိုပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က ဝန်ကြီးဌာနအချို့သည် First Degree ကို အသက်သတ်မှတ်ချက် ၂၀နှစ် မှ ၂၅နှစ် အတွင်းရှိသကဲ့သို့ အသက် ၃၀နှစ်မှ ၃၅ နှစ်အထိ သတ်မှတ်ထားသည့်အနက် အသက်အနိမ့်ဆုံးအနေဖြင့် အသက် ၃၀ အောက် သတ်မှတ်သင့်သည်ကိုတွေ့ရှိရပါကြောင်း၊ လက်ရှိကာလအခြေအနေများအပေါ်မူတည်၍ သက်ဆိုင်ရာဌာနအသီးသီး၏ လုပ်ငန်းအမျိုးအစားများအပေါ်မူတည်၍ အသက်သတ်မှတ်ချက်ကို နှစ်နှစ်၊ သုံးနှစ် ဖြေလျှော့ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးက နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်အစိုးရဝန်ကြီးဌာနအသီးသီးအလိုက် လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ အဆင့်အလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ပေးကြရသူများ ဖြစ်ပါကြောင်း၊ လိုအပ်သည့် အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်မီသူများကိုသာ ခန့်ထားခြင်းဖြင့် စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းယန္တရားတစ်ရပ်အဖြစ် တည်ရှိနေရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းအရည်အချင်းသတ်မှတ်ချက်များကို ယေဘုယျလွှမ်းခြုံပြီး ဖြေလျှော့ပေးရန်ဆိုသည်မှာ အလေးထားစဉ်းစားရမည့်ကိစ္စဖြစ်နေပါကြောင်း ဆွေးနွေးသည်။

**ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄ နည်းဥပဒေခွဲ (ဃ)တွင် "ဝန်ထမ်းသည် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်ရမည်" ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့် အသက်ကိုသာ သတ်မှတ်ပြဋ္ဌာန်းထားပြီး အခြားအသက်ကန့်သတ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝပေါ် မူတည်၍ ပညာအရည်အချင်းကန့်သတ်ချက်၊ အသက်ကန့်သတ်ချက်များကို ၎င်းတို့ခေါ်ယူမည့် အလုပ်နေရာ(Post)၊ လုပ်ငန်းသဘောသဘာဝ၊ လုပ်ငန်း၏လိုအပ်ချက်များအပေါ်တွင် အခြေခံစဉ်းစားပြီးပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်များအပါအဝင် အခြားလိုအပ်ချက်များကိုသတ်မှတ်၍ လစ်လပ်ရာထူးများအတွက် ခေါ်ယူသည့်ကြော်ငြာတွင် ထည့်သွင်းပြီး နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာဖြင့် အနည်းဆုံး တစ်လ ကြိုတင်ထုတ်ပြန်ပါကြောင်း။**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများခန့်အပ်နိုင်ရေးအတွက် ယခင်က ခြောက်လ (၁)ကြိမ်ဖြင့် တစ်နှစ်လျှင် (၂)ကြိမ် ကြော်ငြာခေါ်ယူ၍ စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လေးလလျှင်(၁)ကြိမ်ဖြင့် တစ်နှစ်လျှင် ကြော်ငြာ(၃)ကြိမ်အထိ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပပုဂ္ဂိုလ်များအား ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ခန့်ထားပေးလျက်ရှိပါကြောင်း။**

**ပြင်ပပုဂ္ဂိုလ်များအား အမှုထမ်းအဆင့်စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို**

စာမျက်နှာ ၇ သို့ ❖

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU / KNLA-PC)တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် စောအောင်ကောင်းရွှေနှင့် စောညြဘာ၊ စီးပွားရေးဌာနမှူး စောဒေးဗစ်တို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



## ပေါင်းစပ်ဆောင်ရွက်

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့သည် မိမိတို့နှင့် စဉ်ဆက်မပြတ်လက်တွဲဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက်လည်း ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒေါက်တာနော်ကပေါ်ထူးက နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး ဆက်လက် လျှောက်လှမ်းရန် ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်ကြောင်း၊ ငြိမ်းချမ်းရေးလမ်း ဆက်လက် လျှောက်လှမ်းနိုင်ရန် ဖိတ်ခေါ်မှုအတွက်ဝမ်းသာကြောင်း၊ ငြိမ်းချမ်းရေး မပျက်သေးဘဲ ယနေ့ကဲ့သို့ အခွင့်အရေးရသည့်အတွက် များစွာဂုဏ်ယူကြောင်း၊ ရိုးသားဖြူစင်စွာဖြင့် ငြိမ်းချမ်းရေးအားဆောင်ရွက်ပါက လွယ်ကူနိုင်မည်ဖြစ်ပြီး ဆက်လက်၍ ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍လည်း လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက NCA ကို ဆက်လက်အကောင်အထည်ဖော်ပြီး ဒေသတွင်းတိုက်ပွဲများ မဖြစ်ပွားအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ပံ့ပိုးဆောင်ရွက်ပေးရေး၊ ထော့ကိုကိုးဒေသရှိစာသင်ကျောင်းများအတွက် လိုအပ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ရရှိရေး၊ သောက်ရေသန့်စက်နှင့် ရေသန့်ရရှိရေး၊ ငှက်ဖျားကာကွယ်ဆေး၊ ကုသဆေး၊ ဆက်စပ်ဆေးဝါး အထောက်အပံ့များ၊ တုပ်ကွေးကာကွယ်ဆေးနှင့် တီဘီရောဂါဆေးဝါးများ ထောက်ပံ့ပေးရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ပဋိပက္ခများလျော့ချရေးနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များကို NSPNC ကအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လမ်းကြောင်းမှ သွေဖည်သွားသည့်အဖွဲ့များ၊ NCA လက်မှတ် မရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စ၊ ဒေသတွင်းပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် လက်အောက်ခံအဖွဲ့များအား စနစ်တကျ ထိန်းသိမ်းပေးရေး၊ Bilateral တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် နည်းလမ်းများရှာဖွေနိုင်ရေးကိစ္စရပ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

---

❖ စာမျက်နှာ ၆ မှ

ရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့မှ အမှုထမ်းအဆင့် စတင်ခန့်ရာထူးဖြစ်သော အငယ်တန်းစာရေးရာထူးအတွက် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူ ဟုလည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း ဖွန်လတွင် ကြော်ငြာများခေါ်ယူထားသည်ကို တွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားနိုင်သည်ကိုလည်း ကြော်ငြာတွင်ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ကြော်ငြာခေါ်ယူသည့် အသက်သတ်မှတ်ချက်ထက် ၃ နှစ်တိုးမြှင့်၍ ခေါ်ဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း နှစ်စဉ် ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် အသက်ကန့်သတ်ချက်ကို (၃၀) နှစ်၊ (၃၅) နှစ်၊ (၃၈) နှစ်နှင့် (၄၀)နှစ်အထိ အခါအားလျော်စွာ လျှော့ချသတ်မှတ်ပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက သတင်းစာတွင် ကြော်ငြာခေါ်ယူသည့်အခါ မိမိတို့၏ ပညာအရည်အချင်း၊ အသက်ကန့်သတ်ချက်ဖြင့် ကိုက်ညီသည့် ရာထူးနေရာများကိုလျှောက်ထားပြီး ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များကို နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနှင့် အငယ်တန်းစာရေး၊ ဒုတိယဦးစီးမှူးရာထူးများအပါအဝင် အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများအား နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် နှစ်စဉ်ကြော်ငြာခေါ်ယူနေပါကြောင်း၊ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသရှိ ဘွဲ့/ ဒီဂရီရလူငယ်များကို ဝင်ရောက်လျှောက်ထား ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သို့ပါ၍ အလုပ်ခေါ်ယူခြင်းကြော်ငြာများပါ အသက်ကန့်သတ်ချက်များအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုရှေးရှုစဉ်းစားပြီး ပြင်ပပုဂ္ဂိုလ်များအားဝန်ထမ်းအသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ဖြေလျှော့စဉ်းစားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အဆိုပြုသည့် ဘွဲ့ရပညာတတ်တန်ဖိုးရှိလူငယ်အချို့အား (ကာလဒေသ၊ ကပ်ရောဂါကန့်သတ်ချက်အရ) အသက် တစ်နှစ်၊ နှစ်နှစ်ခန့်ကြီးရင့်သွားသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ နိုင်ငံတော်နှင့်လူငယ်များ၏ ရေရှည်အကျိုးကိုရည်မှန်းလျက် ဘွဲ့ရပညာတတ်လူငယ်များအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ ခန့်ထားပေးရန်အချက်အပေါ် လွှမ်းခြုံမှုရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များအား ဝန်ထမ်းသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် ၎င်းတို့၏လုပ်ငန်းသဘောသဘာဝနှင့် လိုအပ်ချက်ပေါ်မူတည်၍ သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်များသည် ဘွဲ့ / ဒီဂရီရရှိခဲ့သည့်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသည့် လူငယ်များကိုလည်း ကြိုဆိုပါကြောင်းနှင့် ဝန်ထမ်းရေးရာနှင့်ပတ်သက်၍ ကိစ္စရပ်များရှိပါကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း။

မသန်စွမ်းဘွဲ့ /ဒီဂရီရ လူငယ်များအနေဖြင့် လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်း၊ ရေးဖြေစာမေးပွဲအောင်မြင်ပါက စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း စသည့်အခွင့်အရေးများအား အခြားလူငယ်များနှင့် တန်းတူရရှိကြပါကြောင်း၊ မသန်စွမ်းဘွဲ့ရလူငယ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းကခေါ်ယူသည့် လစ်လပ်ရာထူး၏ လုပ်ငန်းသဘောသဘာဝပေါ်မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ သက်ဆိုင်ရာရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားရာတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လေးလ (၁)ကြိမ်ဖြင့် တစ်နှစ်လျှင် (၃) ကြိမ် သတ်မှတ်ပြီး (၄)လ၏ ပထမရက်သတ္တပတ်အတွင်း ကြော်ငြာခေါ်ယူရန် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ဝင်ရောက်လျှောက်ထားရမည့်အချိန်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ပွင့်လင်းမြင်သာမှုနှင့် စပ်လျဉ်း၍လည်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လူငယ်များကို ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် လျှောက်ထားဖြေဆိုနိုင်ရေး နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်လကြိုတင်၍ ကြော်ငြာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားအားမေးမြန်းရာ အဆိုရှင်က မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ညီအစ်ကိုနှစ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ချစ်ကြည်ရင်းနှီးမှု အကျိုးရလဒ်များ

မောင်ငြိမ်းအေး

(ယမန်နေ့မှအဆက်)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီ ဖြစ်ပါသည်။ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများတွင် ပထမဆုံးသွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများတွင် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများကို အသိအမှတ်ပြုသဖြင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့နှင့်တွေ့ဆုံပြီး လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဇူလိုင် ၅ ရက်က လွန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း "ဖဘန်" ဘုရားကြီးအား ရွှေကြာသကၤန်းကပ်လှူပူဇော်စဉ်။







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဇူလိုင် ၅ ရက်က ဗီယင်ကျန်းမြို့မှ လွန်ပရာဘန်မြို့သို့ထွက်ခွာရာ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် တတိယမြောက်နေ့တွင် ဗီယင်ကျန်းမြို့မှ အထူးလေယာဉ်ဖြင့် လာအိုနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သည့် လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ လွန်ပရာဘန်မြို့သို့ ရောက်ရှိသည့်အခါ လာအိုနိုင်ငံ လွန်ပရာဘန်မြို့မှ တာဝန်ရှိသူများနှင့် ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ထို့နောက် လွန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာတွင် သမိုင်းဝင်တော်ဝင်နန်းတော်နှင့် လာအိုဘုရင်မင်းဆက်၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများနှင့် တန်ဖိုးကြီးရှေးဟောင်းပစ္စည်းများကို စိတ်ဝင်တစားလေ့လာခဲ့သည်။ ထို့ပြင် ပြတိုက်ဝင်းအတွင်းရှိ လာအိုနိုင်ငံ၏ အမြတ်တနိုးတန်ဖိုးထားသော ရှေးဟောင်း "ဖဘန်"ဘုရားအား ဖူးမြော်ကြည်ညိုကြပြီးနောက် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရုပ်ပွားတော်သမိုင်းမှတ်တမ်းစာအုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ"ဖဘန်"ဘုရားသည် နန်းတော်ပြတိုက်၏ ဝင်ပေါက်ညာဘက်တွင်ရှိပြီး အေဒီ ၁ ရာစုက သီရိလင်္ကာနိုင်ငံတွင် သွန်းလောင်းခဲ့ကာ ၁၃၅၉ ခုနှစ်တွင် ခမာဘုရင်က ၎င်း၏သမက် လာအိုဘုရင် Fa Ngum အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဘုရားကျောင်းတော်ကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ပြည်တွင်းစစ်ကြောင့် ၁၉၉၀ ပြည့်နှစ်မှ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ကာ ၂၀၀၆ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ တော်ဝင်နန်းတော်ပြတိုက်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး လာအိုနိုင်ငံ၏အမြင့်မြတ်ဆုံးနေရာအဖြစ်ထိန်းသိမ်းထားရှိသည်။ ယခင်က ကျွန်းသစ်များဖြင့်သာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး ပြန်လည်ပြုပြင်သည့်အခါ ပြင်သစ်လက်ရာများနှင့် လာအိုဗိသုကာလက်ရာများရောနှောကာ အုတ်ဖြင့်အစားထိုးတည်ဆောက်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင်လာအိုအာဏာရှိလာချိန်တွင် ဘုရင်စနစ်ကို ဖျက်သိမ်းပြီး တော်ဝင်မိသားစုတို့ နန်းတော်မှထွက်ခွာခဲ့ရသည်။ ၁၉၉၅ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက လွန်ပရာဘန်မြို့တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် တရားဝင်သတ်မှတ်ခဲ့သည်။

## ကဏ္ဍစုံပူးပေါင်းဆောင်ရွက်

ဇူလိုင် ၅ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနီဝုန် က ခေတ္တတည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက် ပိုမိုအဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ လာအိုနိုင်ငံ လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့ (Sister City) များဖြစ်ကြပြီး လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်စေမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီး ဇူလိုင် ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်)သို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများ ထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများ တောင်းကြကာ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီးနှင့် လွန်ပရာဘန်ပြည်နယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လက်များ၌ ဘာစီရိုးရာမင်္ဂလာကြိုးဖြူ (Sai Sin)ဖြင့် ချည်နှောင်၍ ဆုတောင်းပေးကြသည်။ လာအိုရိုးရာဓလေ့အရ မင်္ဂလာကြိုးဖြူကိုအပြန်အလှန်ချည်နှောင်၍ ကံကောင်းခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အောင်မြင်ချမ်းမြေ့ခြင်းတို့အတွက် ကောင်းချီးမင်္ဂလာဆုတောင်းပေးသည့် အစဉ်အလာရှိကြသည်။

စာမျက်နှာ ၉ သို့ ❖

> နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ကဏ္ဍာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများတွင် အထူးသဖြင့် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားသည့် "စွမ်းအင်လုံခြုံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည်" ဆိုသည့်အချက်ကို အလေးထား၍ မြန်မာ-လာအို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ကနဦးစမ်းသပ်မှုများပြုလုပ်ပြီး အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းရရှိခဲ့သည်။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ သဘာဝအရင်းအမြစ်ကြီးတစ်ခုဖြစ်သည့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး မြန်မာ-လာအို သဘောတူခဲ့ကြသည်။ ထို့ပြင် အလုပ်သမားရေးရာနှင့် နှစ်နိုင်ငံမြို့တော်များဖြစ်သည့် နေပြည်တော်နှင့် ဗီယင်ကျန်းတို့ကို ညီအစ်မမြို့အဖြစ် ဆက်သွယ်ဆောင်ရွက်ရန်သဘောတူညီခဲ့သည်။ ကျိုင်းတုံနှင့် လွန်ပရာဘန်လေကြောင်းလိုင်းပြေးဆွဲရေး၊ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရေး၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၌ သတင်းအချက်အလက်ဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသဘောတူခဲ့

✣ စာမျက်နှာ ၈ မှ

### ကိုယ်စိတ်နှစ်ဖြာချမ်းသာ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လွန်ပရာဘန်မြို့ရှိ သမိုင်းဝင် "ဝပ်စီယမ်သုန်" (Wat Xieng Thong) ဘုရားကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားကျောင်းအတွင်း အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် ရုပ်ပွားတော်နှင့် ဘုရားတည်ဆောက်မှု သမိုင်းမှတ်တမ်းစာအုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ ဝပ်ဆီယမ်သုန်ဘုရားကို ၁၆ ရာစုနှစ်အတွင်း ဘုရင် Saya Setthathirath လက်ထက်တွင် တည်ဆောက်ခဲ့ပြီး ၁၅၆၀ ပြည့်နှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့သည်။ အဆိုပါဘုရားကျောင်းသည် လာအိုနိုင်ငံ၏ ရိုးရာလက်ရာများနှင့်ဗိသုကာလက်ရာများအနက် စိတ်ဝင်စားဖွယ်ကောင်းသည့် ဘုရားကျောင်းတစ်ခုဖြစ်သည်။ မှန်စီရွှေချ ဘဝသစ်ပင်ပန်းချီကားနှင့် သိမ်တော်အဆောက်အအုံ၏ ခေါင်မိုးဗိသုကာလက်ရာများမှာ ထင်ရှားသည်။ လွန်ပရာဘန်ပြည်နယ်သို့ ရောက်ရှိခဲ့လျှင် ဝပ်ဆီယမ်သုန်ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ပါက ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ အောင်မြင်မှုများရရှိသည်ဟု ယုံကြည်သက်ဝင်ကြသည်။ အာရှတိုက်၏ အလှဆုံးဘုရားကျောင်းအဖြစ် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာလည်ပတ်ကြသည်။



ဇူလိုင် ၅ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လွန်ပရာဘန်မြို့ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်ကို လှူဒါန်းစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် လွန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကော်ဇောနီ၏ တစ်ဖက်တစ်ချက်၌ လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံငယ်လေးများ တလူလူဝေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ကို လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ကြပုံများသည် သွေးချင်းနီးသည့် မိသားစုများ၏ နွေးထွေးသည့် နှုတ်ဆက်မှုများအဖြစ် ခံစားရသည်။ ခရီးစဉ်အတွင်း လာအိုနိုင်ငံ၏ ပြောင်းလဲတိုးတက်လာမှုများနှင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များကို နှိုင်းယှဉ်သိရှိ လေ့လာနိုင်ခဲ့သည်။ လာအိုနိုင်ငံသည် မဲခေါင်မြစ်ကြီးတစ်ခုတည်းကို အရင်းပြု၍ မိမိနိုင်ငံအတွက်သာမက ဗီယက်နမ်၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ လျှပ်စစ်ဓာတ်အား ရောင်းချနိုင်သည့် စွမ်းဆောင်မှုများကို တွေ့ရသည်။ မြန်မာနိုင်ငံသည် မြစ်ကြီး လေးစင်း၊ မြစ်ငယ်များစွာ ပိုင်ဆိုင်ထားပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရန်အတွက် တရုတ်၊ လာအို မိတ်ဆွေနိုင်ငံများနှင့် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။



ဇူလိုင် ၅ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လာအိုရိုးရာ ဆုတောင်းပွဲအခမ်းအနား (ဘာစီပွဲတော်)သို့ တက်ရောက်ပြီး လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြစဉ်။

#### ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် အထူးသဖြင့် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားသည့် "စွမ်းအင်လုံခြုံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည်" ဆိုသည့်အချက်ကို အလေးထား၍ မြန်မာ-လာအို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ကနဦးစမ်းသပ်မှုများပြုလုပ်ပြီး အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းရရှိခဲ့သည်။

နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ သဘာဝအရင်းအမြစ်ကြီးတစ်ခုဖြစ်သည့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး မြန်မာ-လာအို သဘောတူခဲ့ကြသည်။ ထို့ပြင် အလုပ်သမားရေးရာနှင့် နှစ်နိုင်ငံမြို့တော်များဖြစ်သည့် နေပြည်တော်နှင့် ဗီယင်ကျန်းတို့ကို ညီအစ်မမြို့အဖြစ် ဆက်သွယ်ဆောင်ရွက်ရန်သဘောတူညီခဲ့သည်။ ကျိုင်းတုံနှင့် လွန်ပရာဘန် လေကြောင်းလိုင်းပြေးဆွဲရေး၊ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရေး၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၌ သတင်းအချက်အလက်ဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးသဘောတူခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော် သံတမန်ဆက်ဆံရေးရှိသည် ဆိုသော်လည်း ပြည်သူအချင်းချင်းဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ မက နှစ်ပေါင်းရာချီ ချစ်ခင်ရင်းနှီးစွာဆက်ဆံခဲ့ကြသော ညီအစ်ကိုနိုင်ငံများဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်၌ ညီရင်းအစ်ကို မောင်ရင်းနှမပီပီ နှစ်နိုင်ငံ အပြန်အလှန်ထောက်ပံ့ကူညီခဲ့ကြသော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက်၌ နယ်စပ်ပြဿနာများ လုံးဝမရှိခဲ့ဘဲ အေးချမ်းစွာထိတွေ့ဆက်ဆံခဲ့ကြသော နိုင်ငံဖြစ်သည်။ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသည် အာဆီယံသို့ တစ်ရက်တည်းဝင်ရောက်ခဲ့ကြသော နိုင်ငံများဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် လာအိုနိုင်ငံက တာဝန်ယူသည့်အချိန်တွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝရပ်တည်ပေးခဲ့သည်။

အချုပ်အားဖြင့်ဆိုပါလျှင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် နှစ်နိုင်ငံသမိုင်းကြောင်းနှင့် သံတမန်ဆက်ဆံရေးကာလ တစ်လျှောက်လုံး၌ ညီအစ်ကို မိတ်ရင်းဆွေရင်းပမာ ဆက်ဆံခဲ့သည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အပြင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်နိုင်ရန်အတွက် အပြန်အလှန်ဆွေးနွေးသဘောတူညီခဲ့ကြရာ နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများထက် ပိုမိုသော ညီအစ်ကိုနှစ်နိုင်ငံအကြား ပိုမိုအားကောင်းလာသည့် ချစ်ကြည်ရင်းနှီးမှုအကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် ကျင်းပသည့် ငွေရေးကြေးရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် ဇွန် ၂၉ ရက်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်၌ တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မော်စကိုမြို့ရှိ စဘားဘဏ် (Sber Bank) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ၎င်းဘဏ်၏ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စဘားဘဏ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ဆိုက်ဘာလုံခြုံရေး နည်းပညာ၊ ငွေကြေးလိမ်လည်မှု စိစစ်တိုက်ဖျက်ရေးနည်းပညာ၊ မိုဘိုင်းဖုန်းနှင့် ကတ်မလိုအပ်ဘဲ ဇီဝအချက်အလက် (Biometrics) အသုံးပြုနည်းပညာတစ်ခုဖြစ်သည့် "Smile Pay" ငွေပေးချေမှုစနစ်တို့ကို ရှင်းလင်းဆွေးနွေးသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ စိန့်ပီတာစဘတ်မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်မှ ကျင်းပသည့် ငွေရေးကြေးရေးညီလာခံသို့တက်ရောက်ပြီး နိုင်ငံတကာငွေရေးကြေးရေးဈေးကွက်တွင် နည်းပညာအသစ်များဖြစ်ပေါ်တိုးတက်မှုနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ရုရှားရူဘယ်လ်ကို အခြေခံသည့် ဒီဂျစ်တယ်ပလက်ဖောင်းအသုံးပြုမှုများ၊ ခရစ်တို ငွေကြေးသုံးစွဲလာမှုနှင့်အတူ ဘဏ်လုပ်ငန်းကြီးကြပ်သူများ၏ စည်းမျဉ်းစည်းကမ်းများဖြင့် ခိုင်မာစွာကြီးကြပ်ရန် လိုအပ်မှုများ၊ မက်ခရိုစီးပွားရေးတည်ငြိမ်မှုဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်၍ ငွေရေးကြေးရေးညီလာခံသို့တက်ရောက်ခဲ့ကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အမြင်ချင်းဖလှယ်သည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ငွေရေးကြေးရေးညီလာခံသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လူဦးရေ ၁၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊ အီဂျစ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် နီကါရာဂွါနိုင်ငံတို့၏ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ အကြီးအကဲများပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နီကါရာဂွါနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် နီကါရာဂွါနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ဇွဲ၊ လုံ့လတို့၏ အသီးအပွင့်နှင့် နိုင်ငံတော်အဆင့်ထူးချွန်သူ မောင်ဖုန်းခန့်ကျော်နှင့် တွေ့ဆုံခြင်း




ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အနာဂတ်ကို ပုံဖော်ထုဆစ်ပေးသည့် အခြေခံအုတ်မြစ်ကြီးဖြစ်သည်။ မိမိတို့၏ ဘဝအနာဂတ် လှပစေရန်အတွက်လည်းကောင်း၊ မိဘဘိုးဘွားများနှင့် မိမိတို့ဒေသ အကျိုးကို သယ်ပိုးနိုင်ရန်အတွက်လည်းကောင်း ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို အရင်းခံကာ ပညာဗဟုသုတ ရှာမှီးနေကြသည့် ကျောင်းသားလူငယ် မောင်မယ်များစွာသည် နိုင်ငံတစ်ဝန်းတွင် ရှိနေကြသည်။ မကြာသေးမီကာလက ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများတွင် ထူးချွန်ထက်မြက်သည့် လူငယ်မောင်မယ်များစွာ ပေါ်ထွက်လာခဲ့ရာ အောင်မြင်မှုသတင်းများကြောင့် တစ်နိုင်ငံလုံး ဝမ်းမြောက်ဂုဏ်ယူခဲ့ကြရသည်။

အဆိုပါ ထူးချွန်သူများအနက် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၌ တည်ရှိသည့် မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဝိပ္ပတ္တိဘာသာရပ်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သော ကျောင်းသား မောင်ဖုန်းခန့်ကျော် (ခုံနံပါတ်-ဇ၅၄) သည် စုစုပေါင်းရမှတ် ၅၁၈မှတ်ဟူသည့် ထူးချွန်သော အမှတ်ကောင်းများဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဆင့်(၆)နှင့် မန္တလေးတိုင်းဒေသကြီးတွင် အဆင့်(၁)စသည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့် ထူးချွန်ဆုများကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သဖြင့် မလှိုင်မြို့နယ်သာမက မန္တလေးတိုင်းဒေသကြီး တစ်ခုလုံး၏ ဂုဏ်ဆောင်လူငယ်တစ်ဦး ဖြစ်လာခဲ့သည်။

ယခုကဲ့သို့ ဂုဏ်ယူဖွယ်ရာ ထူးချွန်ဆုတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည့် အဆိုပါထူးချွန်ကျောင်းသား မောင်ဖုန်းခန့်ကျော်နှင့် တွေ့ဆုံကာ ၎င်း၏ အောင်မြင်မှုနောက်ကွယ်မှ ကြိုးပမ်းအားထုတ်မှုပုံရိပ်များနှင့် ရင်တွင်းစကားများကို ယခုလို မေးမြန်းဖြစ်ခဲ့ပါသည်။

**မျှော်လင့်မထားသော်လည်း အကောင်းဆုံး ကြိုးစားခဲ့ခြင်း**

ငယ်စဉ်ကတည်းက နိုင်ငံတော်အဆင့် ဝင်ရမည်ဟု အသေသတ်မှတ်ထားသည့် ရည်မှန်းချက်မျိုး မရှိခဲ့သော်လည်း မိမိသင်ယူနေသည့် ပညာရပ်အပေါ်တွင်မူ အစွမ်းကုန် အာရုံစိုက်ကာ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ခြင်းကပင် ယခုကဲ့သို့ ထင်မှတ်မထားသော အောင်မြင်မှုပန်းတိုင်သို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

**မေး။** ။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဝိပ္ပတ္တိ အဆင့် ၆ ဝင်ဖို့ ငယ်ငယ်ကတည်းက ရည်မှန်းချက်ထားပြီး ကြိုးစားအားထုတ်ခဲ့တာလားဆိုတာ သိပါရစေ။

**ဖြေ။** ။ အခုလို အမှတ်မျိုးနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ အဆင့် ၆ ဝင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်၊ ဒီလို မျိုးရရှိမယ်လို့ မျှော်မှန်းထားတာလဲမရှိခဲ့ပါဘူး၊ ဒါပေမယ့် သေချာလေး ကြိုးစားကျက်မှတ်လေ့လာခဲ့ပါတယ်။

**အောင်မြင်မှု၏ လျှို့ဝှက်ချက်**

**နားစိုက်ခြင်းနှင့် စနစ်တကျ လေ့လာခြင်း**

ယခုကဲ့သို့ ထူးချွန်သည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန်အတွက် နေ့စဉ်စာကြည့်စားပွဲအလေ့အထတွင် ဆရာ၊ ဆရာမများ၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာခဲ့ခြင်းက အောင်မြင်မှု၏ အခြေခံသော့ချက်ပင်ဖြစ်သည်။

**မေး။** ။ အခုလိုထင်မှတ်မထားတဲ့ ရလဒ်မျိုးရရှိလာခဲ့တယ်၊ အဲလိုရလဒ်မျိုးရလာအောင် ဘယ်လိုကြိုးစားအားထုတ်ခဲ့ရလဲ။

**ဖြေ။** ။ ဆရာ၊ ဆရာမတွေရဲ့စကားကို တစ်သဝေမတိမ်းလိုက်နာပြီး ကျက်မှတ်လေ့လာခဲ့တယ်၊ သင်ကြားရေး ဆရာတွေရဲ့စနစ်တကျ သင်ကြားပေးမှုတွေကို သေချာလေးဂရုစိုက်လုပ်ဆောင်ခဲ့ပါတယ်၊ သေချာလေးလဲ စာတွေကို ကြေညက်အောင်ဖတ်ပါတယ်၊ တစ်ရက်ကိုလဲ ခြောက်နာရီလောက်အနည်းဆုံးစာကို လေ့လာပါတယ်၊ သင်ကြားရေးပိုင်းကို ဂရုတစ်စိုက်သင်ကြားပေးတာတွေကို တစ်သဝေမတိမ်း လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အခုလိုရလဒ်မျိုးရရှိလာတာဖြစ်ပါတယ်။

အခက်အခဲများကို ကျော်လွှားခြင်းနှင့် ပြင်ဆင်မှုအပိုင်း နားမလည်သည်များကို စုပုံမထားဘဲ ချက်ချင်းမေးမြန်း ရှင်းလင်းခြင်း၊ မေးခွန်းဟောင်းများကို အကြိမ်ကြိမ် လေ့ကျင့်ခြင်းနှင့် စာသင်နှစ်ဝက်ကတည်းကပင် အချိန်အဟုန်မြှင့်ကာ ပိုမိုကြိုးစားခဲ့ခြင်းတို့က စာမေးပွဲခန်းအတွင်း အခက်အခဲမရှိ အဖြေလွှာများကို ရေးသားနိုင်ခဲ့သည့် အကြောင်းရင်းများ ဖြစ်သည်။

**မေး။** ။ စာတွေလေ့လာရာမှာ အခက်အခဲတွေရှိခဲ့လား၊ အဲဒီအခက်အခဲတွေကိုရော ဘယ်လိုဖြေရှင်းခဲ့လဲ။

**ဖြေ။** ။ သင်ခန်းစာတွေနဲ့ပတ်သက်ပြီး နားမလည်တာတွေ သိပ်မရှိခဲ့ပါဘူး၊ အကယ်၍နားမလည်တာရှိရင်လဲ ဆရာ၊ ဆရာမတွေကို ချက်ချင်းမေးပြီး မသိတာတွေကို ရှင်းလင်းအောင်တစ်ခါတည်း လုပ်ဆောင်ပါတယ်၊ စာတွေကိုပိုင်နိုင်အောင်ကျက်မှတ်တယ်၊ မေးခွန်းဟောင်းကိုလဲသေချာလေးကျက်မှတ်ခဲ့တယ်၊ နောက်ပြီး စာတွေကို နှစ်ဝက်လောက်ကနေစတင်ပြီးတော့ ပိုကြိုးစား လေ့ကျင့်ခဲ့ရပါတယ်၊ အဲလိုနဲ့ပဲ အခက်အခဲတွေကိုဖြေရှင်းနိုင်ခဲ့ပါတယ်။

**မိဘ၊ ဆရာနှင့် ကျောင်းတော်အပေါ် ကျေးဇူးစကား**

လူငယ်တစ်ဦး အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိရန်မှာ ဝန်းရံပေးသည့် ပတ်ဝန်းကျင်နှင့် မိဘ၊ ဆရာသမားများ၏ အားပေးကူညီမှုက အလွန်အရေးကြီးလှရာ ၎င်းတို့အားလုံးအပေါ် မောင်ဖုန်းခန့်ကျော်က ၎င်း၏ ရင်တွင်းရှိ ကျေးဇူးသိတတ်မှုကို အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

**မေး။** ။ အခုလိုအောင်မြင်မှုနောက်ကွယ်မှာ မိဘ၊ ဆရာ၊ ဆရာမတွေရဲ့ ပံ့ပိုးကူညီမှုက ဘယ်လောက်အထိအရေးပါလဲ။

**ဖြေ။** ။ အောင်မြင်မှုတွေရရှိလာတာက အားပေးမှုကလဲ အရေးကြီးပါတယ်၊ မိဘတွေရဲ့ အားပေးမှုကလဲအရေးကြီးပါတယ်၊ မြတံခွန်ကိုယ်ပိုင်ကျောင်း ဆရာ၊ ဆရာမတွေရဲ့ ပံ့ပိုးမှုတွေ၊ ဝိုင်းဝန်းဖေးမကူညီမှုတွေကြောင့် ဒီလိုမျိုး လုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

**မေး။** ။ အခုလို အဆင့်ထိရအောင်လုပ်ဆောင်ပေးခဲ့တဲ့ မြတံခွန်ကိုယ်ပိုင်ကျောင်းကို ဘာတွေပြောချင်လဲ။

**ဖြေ။** ။ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းကို ကျေးဇူးတင်ပါတယ်၊ အနီးကပ်သင်ကြားပေးခဲ့တဲ့ ဆရာတွေကိုလဲ ကျေးဇူးတင်ပါတယ်။

**မေး။** ။ မိဘတွေကိုပြောချင်တာရှိရင်လဲ ပြောပေးပါဦး။

**ဖြေ။** ။ ငယ်စဉ်ကတည်းကနေ အခုအချိန်အထိ ကျွေးမွေးပြုစုခဲ့ပြီး အခုလို အဆင့်ထိရောက်ရှိအောင်ပံ့ပိုးကူညီပေးခဲ့တဲ့အတွက် မိဘတွေကို အတိုင်းမသိကျေးဇူးတင်ပါတယ်။

**မျိုးဆက်သစ် ညီငယ်၊ ညီမငယ်များအတွက် အကြံပြုချက်**

နောက်လာမည့် ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ရင်ဆိုင်ဖြေဆိုကြမည့် မျိုးဆက်သစ် ညီငယ်၊ ညီမငယ်များအတွက်လည်း ၎င်း၏ အတွေ့အကြုံကောင်းများအပေါ် အခြေခံ၍ အဖိုးတန်အကြံပြုချက် စကားကို တိုက်တွန်းနှိုးဆော်ခဲ့သည်။

**မေး။** ။ နောက်နှစ်တွေမှာ ဖြေဆိုကြမည့် ညီငယ်၊ ညီမငယ်တွေကို ဘယ်လိုမျိုးအကြံဉာဏ်တွေ ပေးချင်လဲ။

**ဖြေ။** ။ သင်ကြားပို့ချတာတွေကို လိုက်နာပါ၊ တစ်နှစ်ပတ်လုံး စာတွေကို လေ့လာကြပါ၊ စာတွေကို တစ်ကြောင်းချင်းစီကစ သေချာလေးလေ့ကျင့်ကြပါ၊ ကျက်စာပိုင်းကိုလဲ သေချာလေ့လာကြပါလို့ ပြောချင်ပါတယ်။

အခက်အခဲများနှင့် စာမေးပွဲစနစ်သစ်ကို ဖွဲ့မလျှော့သော လုံ့လ၊ ဆရာသမားတို့၏ စနစ်တကျ လမ်းညွှန်မှု၊ မိဘတို့၏ ပံ့ပိုးမှုတို့ဖြင့် ကျော်ဖြတ်ကာ မန္တလေးတိုင်းဒေသကြီး အဆင့် ၁ နှင့် မြန်မာတစ်နိုင်ငံလုံး အဆင့် ၆ ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခဲ့သည့် မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား မောင်ဖုန်းခန့်ကျော်၏ ကြိုးပမ်းအားထုတ်မှုပုံရိပ်သည် နောင်လာမည့် ကျောင်းသားလူငယ်များအတွက် အတုယူဖွယ်ရာ စံနမူနာကောင်းတစ်ခုဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားဖော်ပြအပ်ပါသည်။

**မျိုးသန့်(မန္တလေး)**

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်လှစ်

**မကွေး ဇူလိုင် ၆**

ဥပဒေရေးရာဝန်ကြီးဌာနအနေနှင့် 'လူတိုင်းဥပဒေ အသိပညာရှိရမည်၊ လူတိုင်း ဥပဒေနှင့်အညီ အညီအမျှအကာအကွယ် ရရှိရမည်'ဆိုသည့် အညွှန်းကိန်းများကို တရားဥပဒေစိုးမိုးရေးတွင် အဓိကဖော်ဆောင်ရမည်ဆိုသည့် လမ်းညွှန်မှုနှင့်အညီ တရားဥပဒေစိုးမိုးရေးအတွက် 'လူတိုင်း ဥပဒေအသိပညာ ရှိရမည်ဆိုသည့်' အညွှန်းကိန်းကို ပထမဦးစွာဖော်ဆောင်သည့်အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးဘရွှေသန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းရာ အုပ်ချုပ်ရေးမှူးများ မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရတဲ့သူတွေဖြစ်တဲ့အတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေနှင့် ဥပဒေအသိပညာကို ကိုယ်တိုင်သိရှိပြီး မိမိရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ပြည်သူများကို ဥပဒေအသိပညာသင်ကြားပို့ချပေးရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြအဖြစ် မြို့နယ်ဥပဒေအရာရှိ ဦးအောင်မြတ်သူက ဆောင်ရွက်မှာဖြစ်ပြီး သင်တန်းစည်းကမ်းရေးဆိုင်ရာကိစ္စရပ်များကို ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်ထက်ဇေကရီမောင်နှင့် ဦးထက်ဝေယံဦးတို့က ဆောင်ရွက်ပေးမှာဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး သင်တန်းကာလ နှစ်ရက်ဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်စိုင်မင်း(ပြန်/ဆက်)**

## တစ်သျှူးငှက်ပျောစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မိုင်းယောင်း ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ပညာရေးမှူးရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာကျောင်းများ၌ တစ်သျှူးငှက်ပျောစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိုင်းတင့်ဆန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုး၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်ကျော်ဦး၊ အ·ထ·က (မိုင်းယောင်း)နှင့် အ·ထ·က (တပ်တွင်း)ကျောင်းတို့မှ ကျောင်းအုပ်ဆရာမကြီးများ၊ တက်ရောက်လာသူများက အခြေခံပညာကျောင်းများ၌ တစ်သျှူးငှက်ပျောစိုက်ပျိုးမည့် အခြေအနေ၊ နည်းစနစ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ သတိပြုရမည့်အချက်များ စသည့် တစ်သျှူးငှက်ပျောစိုက်ပျိုးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၅၀၅)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြစ်ကမ်းဘေးရှိ ရှေးဟောင်းသမိုင်းဝင်သိမ် ကမ်းပါးမြစ်ရေတိုက်စားနေမှုအခြေအနေနှင့် သုတေသနပြုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်စစ်ဆေး



**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မြစ်ရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်နေသည့် တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟံသာဝတီကျေးရွာအုပ်စု မုံ့တီစုရပ် ဂိဏ်းအုတ်ကျောင်းအတွင်းရှိ ရှေးဟောင်းအဆောက်အအုံ အမှတ်(၅၃၄-က)သိမ်ကျောင်း အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲနှင့် တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဒုဋ္ဌဝတီမြစ်ကမ်းပါးနှင့် ကပ်လျက်ရှိသော ရှေးဟောင်း အဆောက်အအုံအမှတ်(၅၃၄-က)သိမ်မှာ မြစ်ရေကြီးခြင်း၊ လေတိုက်ခြင်းနှင့် လှိုင်းများပုတ်ခတ်ခြင်းတို့ကြောင့် ကမ်းပါးပြိုကျနေသည့်အတွက် ကမ်းနှင့် ကပ်လျက်ရှိသည့် သိမ်မှာပြိုကျနိုင်သည့် အခြေအနေများနှင့် ဂိဏ်းအုတ်ကျောင်း ဆရာတော် ထံမှ ဩဝါဒခံယူ၍ အရေးပေါ်တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဒုဋ္ဌဝတီမြစ်ကမ်းရှိ ရှေးဟောင်း ဘုရားအမှတ် (၅၀၃)မှာ ဇွန်၁၉ ရက် ညနေပိုင်းက မြစ်ရေကြီး၍ လေတိုက်ပြီး လှိုင်းများ ပုတ်ခတ်၍ မြစ်အတွင်း ပြိုကျခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ကမ်းရှိရှေးဟောင်းဘုရားများ ထပ်မံပြိုကျ ပျက်စီးမှုများမဖြစ်ပေါ်စေရေး လတ်တလောဆောင်ရွက်ရမည့် အခြေအနေများ၊ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်၍ ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ထားရှိသွားရေး တို့ကိုမှာကြားပြီးနောက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲမှ ဆောင်ရွက်နေသည့် အင်းဝမြို့ဟောင်း သတိုးမင်းဖျား၏ တောင်ဘက်မြို့ရိုး၊ အနောက်တောင်ထောင့်မှ ရန်နှိမ်တံခါးအထိ ပေ ၁၆၀၀ ခန့်ကို Phase I အဖြစ် သတ်မှတ်ကာ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာအုပ်စု လက်သစ်ကျေးရွာတွင် ကျင်းပသည့် ကျေးရွာမြေငှားဂရန် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၆**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အကျိုးပြုရက်(၁၀၀)စီမံချက်အရ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာအုပ်စု လက်သစ်ကျေးရွာတွင် ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများ၏ပေါင်းစပ်မှုနှင့်အတူ တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တိုအတွင်း ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် လက်သစ်ကျေးရွာရှိ အိမ်ခြေ ၁၄၃ လုံးအတွက် ကျေးရွာမြေငှားဂရန်များကို စနစ်တကျလွှဲပြောင်းထုတ်ပေးခဲ့သည်။

လက်သစ်ကျေးရွာရှိ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းအခမ်းအနားကို အဆိုပါကျေးရွာရှိ သုန္ဒရာကျောင်းတိုက်၊ ဓေတဝနမဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လက်သစ်ကျေးရွာနေ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လက်ဝယ်ရရှိသည့် မြေငှားဂရန်များသည် မြေယာပိုင်ဆိုင်မှုကို ဥပဒေအရ အပြည့်အဝအကာအကွယ်ပေးမည့် အထောက်အထားဖြစ်ပါကြောင်း၊ ရရှိထားသည့် ဂရန်စာချုပ်များကို ရေရှည်ပျက်စီးမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းထားကြရမည်ဖြစ်ပါကြောင်း၊ စာချုပ်ပါ စည်းကမ်းချက်များကို အပြည့်အဝလိုက်နာပြီး အကျိုးရှိရှိ အသုံးချသွားကြရန်နှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြေငှားဂရန်များအား ပြည်သူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ပြီးနောက် မြေငှားဂရန်ရရှိသည့် လက်သစ်ကျေးရွာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသည့် လက်သစ်ကျေးရွာအုပ်စု၊ လက်သစ်ကျေးရွာမှ ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)
















# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr.Barnaby Jones ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်ခံတွေ့ဆုံ

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(United Nations High Commissioner for Refugees-UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr.Barnaby Jones နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော UNHCR ၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ UNHCR မှ ကူညီထောက်ပံ့ပေးနေမှုဆိုင်ရာ ကိစ္စရပ်များ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ အသိပေးဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



သတင်း စာမျက်နှာ ၁၂




# အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်း ကြက်ခြေနီစေတနာလုပ်အားရှင်များ ပါဝင်ကူညီ



**မန္တလေး ဇူလိုင် ၆**

သဲဖြူဆရာတော်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ပံ့ပိုးမှု၊ အလှူရှင်များ၏လှူဒါန်းမှုဖြင့် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းကို ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀ရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ရုံးဝင်းအတွင်းတွင် ဇွန် ၂၉ ရက် မှ ဇူလိုင် ၃ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးခဲ့သည်။

မျက်စိစမ်းသပ်ခွဲစိတ်ကုသရာသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင်များအား မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၅၀ ဦးတို့က ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ရေသန့်များ ပေးဝေခြင်း၊ မျက်စိခွဲစိတ်ရမည့်လူနာများအား ဇီဝိတဒါနမျက်စိဆေးရုံသို့ ကြက်ခြေနီလူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးခြင်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၄၅)**

# မန္တလေးတက္ကသိုလ် Research Methodology with Statistical Analysis သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့တို့မှ ကြီးမှူးကျင်းပသည့် မန္တလေးတက္ကသိုလ် Research Methodology with Statistical Analysis သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးတက္ကသိုလ် ၅ ထပ်ဆောင်၊ အခန်း ၂၀၉ တွင် ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌဒေါက်တာစိုးဝင်းက သင်ကြားသည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ နေဝင်းဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်များကို မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်တို့က သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲကို မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်များနှင့်ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများ စုစုပေါင်း ၆၀ ဦး တက်ရောက်ကြောင်း သိရသည်။

**အောင်ဇော်မင်း**

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် Judo in School ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် Judo In School ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ခြသေ့်ဆောင်၌ ကျင်းပပြုလုပ်ရာ မန္တလေး၊ မဟာအောင်မြေခရိုင်၊ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်လေးဖြူ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးခိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြကစားကြသည်။ ယင်းနောက် ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(ဝဲပုံ)**
**(၀၃၈)**

# မန္တလေးမြို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာဖြစ်ပြီး ယနေ့ညနေထိ ၁၀၆၀ စင်တီမီတာသို့ ရောက်ရှိလာ

**မန္တလေး ဇူလိုင် ၆**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ၆-၇-၂၀၂၆ ရက် ည ၁၈း၃၀နာရီတွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများအရ ဧရာဝတီမြစ်ရေသည် ၁၀၆၀စင် တီမီတာကို ရောက်ရှိနေပြီး နောက် ၂၄ နာရီအတွင်း ၁၀၆၄ စင်တီမီတာကို ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်သည်။

**ရွှေမန်း**

၀-၀-၀-၀-၀

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘယ်လာရုစ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ဘယ်လာရုစ်နိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

---

# အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ မ----(၂၈)နှစ်သည် လှိုင်သာယာအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေစဉ် ငွေကြေးအဆင်မပြေသဖြင့် ခင်မင်ရင်းနှီးသူ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၀)ရပ်ကွက်နေ မဆုလတ်(ခ)ကေကေမိုးထံ အလုပ်ရှာပေးရန် အကူအညီတောင်းခံခဲ့ရာ တရုတ်ဇနီးမယားလုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးမည်၊ တရားဝင်သွားရောက်ရမည်၊ မိဘများထံ လာရောက်တောင်းယူပြီးပါက ငွေများပေးမည်၊ ခြောက်လပေါင်းသင်းရမည်ဟု စည်းရုံးပြောဆိုခဲ့ရာ အမျိုးသမီးငယ်က သဘောတူခဲ့ကြောင်း၊ ထို့နောက် မဆုလတ်(ခ)ကေကေမိုးက အမျိုးသမီးငယ်အား မန္တလေးမြို့သို့ ရောက်ရှိနေသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မ၇(၂)ရပ်ကွက်နေ ပြည့်ဖြိုးကျော်ဆိုသူနှင့် တွေ့ဆုံပေးရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ခေါ်ဆောင်ကာ ကားဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံပေးခဲ့ကြောင်း။

ပြည့်ဖြိုးကျော်က အမျိုးသမီးငယ်အား Golden Roc တည်းခိုခန်းသို့ ပို့ဆောင်ကာ ငွေကျပ် ငါးသိန်းကို Wave Money မှ တစ်ဆင့်လွှဲပေးခဲ့ကြောင်း၊ အမျိုးသမီးငယ်အား တစ်ပတ်ကတ်ဖြင့် တရုတ်နိုင်ငံသို့ သွားရောက်ပြီး တရုတ်ကောင်လေးနှင့်အတူ နေထိုင်ရန်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ပတ်စ်ပို့ပြုလုပ်၍ ထပ်မံသွားရောက်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ရာ တစ်ပတ်ကတ်ဖြင့် သွားရောက်ပါက အဖမ်းအဆီးများ၍ မသွားလိုသောကြောင့် ပတ်စ်ပို့ဖြင့် သွားရောက်ရန် တည်းခိုခန်းတွင် စောင့်ဆိုင်းနေခဲ့ကြောင်း စိစစ်ပေါ်ပေါက်ခဲ့ရာ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း(ပ) ၂၆/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့၍ ၂၀၂၅ ခုနှစ် ဇွန် ၁၉ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံပြည့်ဖြိုးကျော်(ခ)ကိုစိုင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ နှင့် တိမ်းရှောင်တရားခံ မဆုလတ်(ခ)ကေကေမိုးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် မေ ၆ ရက်တွင် မကွေးမြို့ ကံပြားမြို့အဝင် မြောက်ဂိတ်၌ တိမ်းရှောင်တရားခံဖြစ်သူ မဆုလတ်(ခ)ကေကေမိုးအား ဖမ်းဆီးရမိခဲ့သည့်အတွက် တရားစွဲတင်ပို့ခဲ့ရာ ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ မဆုလတ်(ခ)ကေကေမိုးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၆

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ကိုးထပ်အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၉ လုံးအား စနစ်တကျ ဖြိုချ ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ရှစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ယာယီသွယ်တန်းထားသော ဝါယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား၍ လူနှစ်ဦးမီးဟပ်ဒဏ်ရာရရှိ

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)ရပ်ကွက်၊ ၆၇လမ်း၊ ၁၀၁(A)လမ်းထောင့်ရှိ ပစ္စည်းထားရှိခြင်းမရှိသည့်ဂိုဒေါင်ဟောင်း၊ ၃၀×၂၀ ပေ နံကပ် (၂)ထပ် အဆောက်အအုံတွင် အိမ်တွင်းလျှပ်စစ်မိန်းခုံ ယာယီသွယ်တန်းထားသော ဝါယာကြိုး အပူလွန်ကဲရာမှ အောက်ရှိအဝတ်များပေါ်သို့ မီးပွားကျ၍ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ယနေ့နံနက် ၇ နာရီ ၄၇ မိနစ်က သတင်းရရှိခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သနင်္ဂ ၃၀ဦး၊ အရန် ၇၀ဦး တို့ဖြင့် သွားရောက်၍ ရေဂါလန် ၃၃၀၀ ဂါလန်ခန့် အသုံးပြု ငြိမ်းသတ်ခဲ့ပြီး ၇နာရီ ၅၉ မိနစ်တွင် မီးထိန်းနိုင်ခဲ့၍ ၈နာရီ ၅မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ ထိုမီးလောင်မှုဖြစ်ပွားရာတွင် ဦး--- (၆၄)နှစ်ဆိုသူနှင့် ဒေါ်--- (၆၂)နှစ်ဆိုသူတို့သည် ဘယ်ညာ၊ လက်နှစ်ဖက်မီးဟပ်(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး ချမ်းမြသစ္စာလူမှုကူညီရေးယာဉ်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့၍ အမှတ်(၁၁)နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**

# အထူးကုဆရာဝန်များအဖွဲ့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသပေး



**မိုင်းဖြတ် ရှုလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင်ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန တာချီလိတ်မြို့၊ ခုတင်(၁၀၀) ခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များအဖွဲ့သည် ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းကုသပေးခဲ့သည်။

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် အရိုးရောဂါအထူးကုဆရာဝန်၊ သမားတော်၊ ကလေးအထူးကုဆရာဝန်၊ အထူးကုဆရာဝန် (သွားနှင့်ခံတွင်း)၊ အထွေထွေရောဂါဆရာဝန်နှင့် ကျွမ်းကျင်ဆေးအဖွဲ့ဝင်များက လာရောက်ကုသကြသည့် တိုင်းရင်းသားပြည်သူ ၈၄ ဦးကို အခမဲ့ရောဂါ ရှာဖွေစမ်းသပ်စစ်ဆေး၍ ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုခဲ့ပြီး အဆင်ပြေချောမွေ့စွာ ကုသခံနိုင်ရန်အတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေး ကွင်းလက်တွေ့ပြပွဲ ကျင်းပ

**ကွန်ဟိန်း ရှုလိုင် ၆**

စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု တည်တံ့ခိုင်မြဲစေရန်နှင့် တောင်သူများ၏ စိုက်ပျိုးမြေများ မြေဆီလွှာအရည်အသွေး ပိုမိုကောင်းမွန်လာစေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်း တောင်သူပညာပေး ကွင်းလက်တွေ့ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ သိန်းဖျံကျေးရွာရှိ တောင်သူ ဒေါ်နန်းနွမ်း၏ စံပြစိုက်ခင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ကွန်ဟိန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်တို့က မိမိတို့ဒေသရှိ စိုက်ပျိုးမြေများ ရေရှည်အာဟာရပြည့်ဝနေစေရန် ဓာတုမြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကို လျှော့ချပြီး ယနေ့အချိန် ဓာတုဓာတ်မြေဩဇာများ ဈေးနှုန်းကြီးမြင့်နေသောကာလတွင် သဘာဝသစ်စိမ်းမြေဩဇာများကို စနစ်တကျပြောင်းလဲသုံးစွဲကြရန် လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် ယခုကဲ့သို့ လက်တွေ့ပြသပွဲများမှတစ်ဆင့် ရရှိလာသည့် စိုက်ပျိုးရေးနည်းပညာကောင်းများကို မိမိတို့၏ စိုက်ခင်းများတွင် ထိရောက်စွာ အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်က ယခုကဲ့သို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံပေးခြင်းဖြင့် မြေဆီလွှာအတွင်း သီးနှံများအတွက် လိုအပ်သော နိုက်ထရိုဂျင် (Nitrogen) ဓာတ်ကို သဘာဝအတိုင်း အများအပြား ဖြည့်တင်းပေးနိုင်ခြင်း၊ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကို ကောင်းမွန်စေပြီး ရေထိန်းအားနှင့် လေဝင်လေထွက်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ဓာတုမြေဩဇာသုံးစွဲရမှုကို လျှော့ချပေးနိုင်သည့်အတွက် တောင်သူများ၏ စိုက်ပျိုးစရိတ်ကို သိသာစွာ သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိခံစားရမည်ဖြစ်သည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စံပြစိုက်ခင်းအတွင်း ပိုက်ဆံလျှော်ပင်များအား မြေဆီလွှာ တိုးတက်ကောင်းမွန်စေရေးအတွက် ထယ်ထိုးမြှုပ်နှံခြင်းကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

**တိုက်တာအဆင့်ဆင့် မိုးထိမြင့်လည်း**
**ပန်းနှင့်သစ်ပင်၊ မတွေ့မြင်က**
**ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်


## အိမ်ပြန်ခရီး နီးလာပြီ

* ကူးလူးယှက်လိမ်
ဟိုဒီအိမ်သို့
အကြိမ်ကြိမ်နှောင်း
နေရာဟောင်းကို
ရွှေ့ပြောင်းကြတာ
များလှပြီ။

* အနတ္တသဘော
ဘုရားဟောကို
စောကြောဝေဖန်
သင်၏ဉာဏ်မှာ
ကေန်သတိ
ဆင်ခြင်ကြည့်ကာ
ဒိဋ္ဌိမာန ခဝါချလော့။

* လူ့ဘဝဟာ
ဘာမျှမမြဲ
သဘာဝပဲမို့
တားလို့မရ
ဆီးလို့မပြီး
အိမ်ပြန်ခရီးဟာ
တဖြည်းဖြည်းနဲ့
နီးလာပြီ။ ။

**မောင်ချစ်ဝေ(ခေမာမြေ)**




# စာဖတ်ရှုမြင့်တင်ရေးအနေဖြင့် Grade-5 ကျောင်းသား၊ ကျောင်းသူများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ရှုလိုင် ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုမြင့်တင်ရေးအတွက် Grade -5 ကျောင်းသား၊ ကျောင်းသူများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည်တိုးတက်စေရေး၊ နှုတ်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် Grade -5ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၁၃)၊ ဦးပိုင်အမှတ်(၇၆)၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ ၁၁၇လမ်းနှင့်၁၁၈လမ်းကြားရှိ မြေကွက်အား တောင်ရန်အမှုတွဲအမှတ်(၁၁၄၀/၉၀-၉၁)အရ ဒေါ်ရင်ရင်လှ(ခ)ယဉ်ယဉ်လှ မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၃၀၃၂၃) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ရင်ရင်လှ(ခ)ယဉ်ယဉ်လှ မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၃၀၃၂၃)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ထိန်ကုန်း(၅၈၉)၊ အကွက်အမှတ်(ပပ-၄)၊ ဦးပိုင်အမှတ်(၅၀)၊ ၆၇လမ်းနှင့်၆၈လမ်းကြား၊ ၁၃၄လမ်းနှင့်၁၃၅လမ်းကြားရှိ မြေကွက်အား တောင်ရန်အမှုတွဲအမှတ်(၃၉၈၀/၉၀-၉၁)အရ ဦးစောသိန်း မှတ်ပုံတင်အမှတ်(MTA-၁၆၈၆၄၄၊ ၉/မရမ(နိုင်)၀၄၉၇၄၇) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးစောသိန်း မှတ်ပုံတင်အမှတ်(MTA-၁၆၈၆၄၄၊ ၉/မရမ(နိုင်)၀၄၉၇၄၇)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁)၊ ဦးပိုင်အမှတ်(၄၆)၊ ၁၀၇လမ်းနှင့်၅၉လမ်းထောင့်ရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ဌေး(၉/မနတ(နိုင်)၀၁၃၅၂၂) က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၈)၊ ဦးပိုင်အမှတ်(၆)၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ၁၁၇လမ်းနှင့်၁၁၈လမ်းကြားရှိ မြေကွက်အား တောင်ရန်အမှုတွဲအမှတ်(၄၆၅/၉၀-၉၁)အရ ဒေါ်မေမြင့် မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၆၁၇၂၂) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးအောင်ကိုလတ် မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၁၁၉၃၀၈)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၂)၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ ၁၁၄လမ်းရှိ ဦးညွန့်ဆွေ အမည်ပေါက်တောင်ရန်မြေကွက်အား တရားလို ဒေါ်ချိန်ချင်လန်၊ ဒေါ်စန်းစန်းရီတို့က တရားပြိုင် ဦးညွန့်ဆွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၁/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ချိန်ချင်လန်(၁၃/လရန(နိုင်)၀၅၇၉၇၅)၊ ဒေါ်စန်းစန်းရီ(၁၃/လရန(နိုင်)၁၆၉၂၂၄)တို့က တောင်ရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၆၇-ခ+၇၈-က)၊၅၄လမ်းနှင့်၅၅လမ်းကြား၊ ၁၀၆လမ်းနှင့်၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဘော်ဘီသား(ခ)ဥမ္မာထွေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၅၃၀/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နိုင်ရွှေဝါသောင်း(၁၀/သထန(နိုင်)၁၁၉၀၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်အမှတ် (၁၀၈)၊ ၁၁၁လမ်း၊ လမ်း၅၀နှင့်၅၁လမ်းကြားရှိ ဦးဖေစန်း အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်ငွေငွေစိန်က တရားပြိုင် ဦးဖေစန်း(၎င်း၏ SP စာရရှိသူ ဒေါ်ကြွေခွင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၅/၂၀၂၆) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ငွေငွေစိန်(၁၃/လရန(နိုင်)၁၃၆၉၇၂)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(B)၊ ဦးပိုင်အမှတ်(၄၀)၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ သံလမ်းရှိ ဒေါ်ကြည် အမည်ပေါက်တောင်ရန်မြေကွက်အား တရားလို ဦးဟိန်းမိုးဆက်က တရားပြိုင် ဒေါ်ကြည်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၀၈/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးဟိန်းမိုးဆက်(၉/ခအဇ(နိုင်)၀၆၄၃၉၉)က တောင်ရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ဦးပိုင်အမှတ်(၁၀၆-က)၊၁၀၉လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကို(၇/သကန(နိုင်)၀၈၄၁၅၀)၊ ဒေါ်မိုးဇာခြည်ဝင့်(၉/ရမသ(နိုင်)၀၈၉၈၀၉)တို့မှ သမီးအရင်းဖြစ်သော ဒေါ်နှင်းအိကိုကိုအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၄၈)၊ ၁၂၃လမ်းနှင့်၁၂၄လမ်းကြား၊ ၄၉လမ်းနှင့်လမ်း၅၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထက်နေမျိုး(၁၄/မမန(နိုင်)၁၈၁၄၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(B)၊ ဦးပိုင်အမှတ်(၃၉)၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ သံလမ်းရှိ ဒေါ်ကြည် အမည်ပေါက်တောင်ရန်မြေကွက်အား တရားလို ဒေါ်သဲသဲအောင်က တရားပြိုင် ဒေါ်ကြည်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၀၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သဲသဲအောင်(၉/ခအဇ(နိုင်)၀၀၆၈၂၄)က တောင်ရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(A)၊ ဦးပိုင်အမှတ်(၃၉)၊ ၁၀၉လမ်းနှင့်၁၁၀လမ်းကြား၊ သံလမ်းရှိ ဦးမိုးဟိန်း အမည်ပေါက်တောင်ရန်မြေကွက်အား တရားလို ဦးမိုးသီရိနောင်က တရားပြိုင် ဦးမိုးဟိန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၀၆/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမိုးသီရိနောင်(၅/ဇနေ(နိုင်)၀၆၁၇၆၆)က တောင်ရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၃၇)၊ ဦးပိုင်အမှတ်(၃)၊ ၄၈လမ်းနှင့်၄၉လမ်းကြား၊ ၁၂၉လမ်းနှင့်၁၃၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမိုးကျော်ကျော်(၅/စကန(ဧည့်)၀၀၀၀၂၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၀၉/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသဇင်ထွန်း(၉/ခအဇ(နိုင်)၀၂၈၁၉၇) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ဦးပိုင်အမှတ်(၈၄)၊ ၁၁၀လမ်း၊ ၆၉လမ်းနှင့်လမ်း၇၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေဟန်(၉/ခမစ(နိုင်)၀၀၆၄၁၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိုးစိုးဦး(၅/ကလန(နိုင်)၀၇၄၀၇၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၆၆-ခဲစင်းမြောက်ခြမ်း)၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ၁၂၇လမ်းနှင့်၁၂၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားချန်(ခ)အားချန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၄၂၇/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်မိုး(၅/ခဥတ(နိုင်)၀၀၀၆၉၈)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ် (၃၀/၆ ခဲစင်းအရှေ့ခြမ်း)၊ မုန်တန်းဂုဏ်ရည်လမ်းသွယ်(၁)ပေါ်၊ အာရှဘဏ်လမ်းနှင့် မုန်တန်းဂုဏ်ရည်လမ်းသွယ်(၄)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဉာဏ်မင်းထွန်း(၅/ကဘလ(နိုင်)၀၀၂၉၈၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၁၆-ဆ)၊ ၈လမ်းသွားမြို့ပတ်လမ်း၊ ရွှေကြက်ယက်ရွာအဝင်လမ်း မျက်နှာပြုရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းထင်(၉/မရမ(နိုင်)၀၂၁၇၁၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၆၁/ခဲစင်းမြောက်ခြမ်း)၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ၁၂၇လမ်းနှင့်၁၂၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားချန်(ခ)အားချန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၄၂၈/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သက်ဦး(၉/မဟမ(နိုင်)၀၀၆၀၁၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၁)၊ ဦးပိုင်အမှတ်(၉၂)၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ ၁၁၂လမ်းနှင့်၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထားထား(၉/မရမ(နိုင်)၀၃၉၇၈၈)၊ ဒေါ်ကျော့ကျော့(၉/မရမ(နိုင်)၀၅၆၀၅၀)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(ဝဝ-၈)၊ ဦးပိုင်အမှတ်(၅)၊ ၆၆လမ်းနှင့်၆၇လမ်းကြား၊ Bလမ်းနှင့်Cလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှိုင်ကျော်ဖူး၊ ဦးစောငြိမ်းတို့ (၂)ဦးအနက်၊ ဦးလှိုင်ကျော်ဖူးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၁၄/၂၀၁၁)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးစောငြိမ်း(၉/မရမ(နိုင်)၀၀၁၄၀၂)က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခဲ့ရာ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်းနှင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၂၂၈)၊ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀)မြေနှင့် မြေပေါ်ရှိ (၁)ထပ်တိုက်၊ ရေ၊ မီးမီတာ အပါအဝင် ဦးဘိုဝင်း(ပါ-၂) အမည်ဖြင့် ငွေသွင်း/စလစ်မိတ္တူ၊ ဂရန်/မြေပုံ (၁၀၅)မူရင်း၊ ဆက်စပ်စာချုပ်များ မြေနှင့်မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဒေါ်မိုးပပ(၉/မရတ(နိုင်)၀၀၃၃၉၁)ကိုင်ဆောင်သူထံမှ ဦးမြင့်သိန်းဦး(၉/ပကခ(နိုင်)၀၁၇၉၀၄)ကိုင်ဆောင်သူသည် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်သိန်းဦး လွှဲအပ်ချက်အရ –**
**ဦးစာထီးဟိန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၈၀၇)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**ဆက်သွယ်ရန် ဖုန်း ၀၉–၇၉၇၇၉၇၆၇၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၃-၁၄)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးဟန်ပို အမည်ပေါက်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးသူရဇော် (ဘ)ဦးဝူယုလို(၁၃/တမည(နိုင်)၀၀၆၁၁၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B,LL.M,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈၈–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၅(အေ)လမ်းနှင့်၁၁၆လမ်းကြား၊ ၆၁လမ်းတွင် တည်ရှိသော အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက်ဘောဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်၊ သုံးစွဲပိုင်ခွင့်၊ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာရွှေထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးကျော်ကျော်နိုင် (တရားလွှတ်တော်ရှေ့နေများ)**
**အိမ်အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၃လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၄၅၀၀၄၉၇၀၆၊ ၀၉–၂၀၃၅၈၅၅**
**Email: lawfirmmyanmar@gmail.com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေဥမင်းထုပ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၅/၂)အတွင်းရှိ အရှေ့-အနောက် (၅၁)ပေ၊ တောင်-မြောက် (၂၄)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဌေး (ဘ)ဦးသိန်းမြင့် (ခ)ဦးညွန့်(၉/မရတ(နိုင်)၁၁၀၈၈၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်တင်မီမီကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၉(စီ)လမ်း၊ ၁၁၅(အေ)လမ်းနှင့် ၁၁၆လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၂၀၇၈၃၉၁၇၊ ၀၉–၇၉၇၅၇၅၁၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်နံပါတ်(၆၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမောင်မောင်ကြိုင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်း (ဘ)ဦးအောင်ပြူး(ခ)ဦးအောင်ပြုံး(၉/မနမ(နိုင်)၁၀၁၉၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာခန့် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်နံပါတ်(၁၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သောင်း (ဘ)ဦးဘဒင်(၉/မရမ(နိုင်)၀၅၁၉၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၆၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးအေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအောင် (ဘ)ဦးစံအောင်(၉/မရမ(နိုင်)၀၁၃၄၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်နံပါတ်(၄၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပူးတွဲအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်လှလှရီ (ဘ)ဦးမောင်ရီ(၉/မနမ(နိုင်) ၁၀၉၉၉၃)နှင့် ဦးအောင်မြင့်မြတ် (ဘ)ဦးစိုးမြင့်အောင်(၉/ခမစ(နိုင်)၀၃၂၅၀၀) [၎င်း၏ကိုယ်စား မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၇/၂၀၂၄)အရ လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှရီ)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၁)၊ ဦးပိုင်အမှတ်(၈၇) မြေကွက်ပေါ်တွင် ဦးအောင်ကိုကိုမိုး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ငဇန(နိုင်)၀၅၅၁၃၇)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်အမှတ်(၂၆-ခဲစင်း) မြေကွက်ပေါ်တွင် ဒေါ်ခင်စန္ဒာမျိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၁၇၂၀၇)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၈၀) မြေကွက်ပေါ်တွင် ဒေါ်သန္တာရွှေ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/သပန(နိုင်)၀၀၁၅၆၃)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီ ရရှိခဲ့သည့် လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြား

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၇၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် နယ်မြေ(၁)၊(၂)နှင့် ဇော်ဂျီရပ်ကွက်တွင် မိုးရာသီကာလ၌ မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဇော်ဂျီချောင်းရေ မြင့်တက်ပြီး အိမ်ခြေ ၅၀၀ နီးပါး ရေကြီးနစ်မြုပ်မှုဒဏ်များ ခံစားနေရပါသဖြင့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ စာမျက်နှာ ၆ သို့ ❖


တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဘင်ခရာများ၊ ယိမ်းအကအဖွဲ့များ၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နော်ဝေအသင်းက ဘရာဇီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် ဇူလိုင် ၆

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ၁၆ သင်း ရှုံး၊ ထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့်(၃၁)ရှိ နော်ဝေအသင်းနှင့် ကမ္ဘာ့အဆင့်(၆)ရှိ ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက ဘရာဇီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



နော်ဝေအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၉ မိနစ်နှင့် မိနစ် ၉၀ တွင် ဟာလန်းက သွင်းယူပေးခဲ့သည်။

နော်ဝေအသင်းသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၂ ရက် မြန်မာစံတော်ချိန် နံနက် ၃ နာရီခွဲတွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

# တိုနာလီကို စတာလင်ပေါင် သန်း၁၀၀ဖြင့် စပါးအသင်း ခေါ်ယူ

လန်ဒန် ဇူလိုင် ၆

၂၀၂၆-၂၀၂၇ ခုနှစ် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် စပါးအသင်းသည် လက်ရှိနွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား တိုနာလီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် ၁၆ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား တိုနာလီသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၁၀ အထိ ကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့သည်။

စပါးအသင်းသည် လက်ရှိနွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ခေါ်ယူမှုအတွက် စတာလင်ပေါင် သန်း ၂၃၀ ကျော်အထိ သုံးစွဲထားသည်။

နိုင်ကမ္ဘာ

